မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချီ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၄၇)

၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်
၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်၊ စနေနေ့

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

မချွတ်မယွင်းတရားနှင့်အညီ သူတစ်ပါး တို့ကိုအနိုင်အရှုံးဆုံးဖြတ်ပေးသော ပညာရှိကို တရားစောင့်သော၊ တရားဥ်တည်သော တရားသူကြီးဟုဆိုအပ်၏။

ဓမ္မပဒ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးတို့က သံအမတ်ခန့်အပ်လွှာများပေးအပ်

စာ - ၅ သို့

၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားကျင်းပ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေးကြံခိုင်မှုနှင့် စိတ်ဓာတ်ခွန်အားကိုတိုးတက်စေမည့် ယခုအမျိုးသားအားကစားပွဲတော်ကြီးကို ယခုကဲ့သို့ကျင်းပနိုင်၊ စုစည်းနိုင်ခဲ့ခြင်းမှာလည်း မိမိတို့နိုင်ငံကို လုံခြုံအောင်ကာကွယ်ပေးနေသည့် သူရဲကောင်းများရှိနေခြင်းကြောင့်ပင်ဖြစ်

နေပြည်တော် ဒီဇင်ဘာ ၂၀

၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားကို ယနေ့ည နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကား ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဌေးနှင့် ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အိုလံပစ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ကျောဖုံးသို့ ★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် မသန်စွမ်းအားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသော ဧရာဝတီတိုင်းဒေသကြီးအား တံခွန်စိုက်ဆုဖလားကြီး ပေးအပ်ချီးမြှင့်စဉ်။

အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်)

နိုင်ငံ့ဂုဏ်ဆောင်အောင်မြင်သူများဖြစ်ကြပါစေ

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို ဒီဇင်ဘာလ ၉ ရက်တွင် ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့ပြီး ဒီဇင်ဘာလ ၂၀ ရက်တွင် ပြိုင်ပွဲကြီးအောင်မြင်စွာပြီးမြောက်ခဲ့သည်။ ဖွင့်ပွဲအခမ်းအနားကို နိုင်ငံတော်အဆင့်နှင့်လျော်ညီစွာ ခမ်းနားထည်ဝါစွာကျင်းပခဲ့သလို ပိတ်ပွဲအခမ်းအနားကိုလည်း စည်ကားသိုက်မြိုက်မြိုင်ဆိုင်စွာကျင်းပခဲ့သည်ကို ရုပ်မြင်သံကြားများမှတိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ပြီးဖြစ်သည်။ ဤအားကစားပွဲတော်သည် အားကစားဝါသနာရှင်များ၊ အားကစားပညာရှင်များမျှော်လင့်နေသော ပွဲတော်ကြီးဖြစ်သည်။ ပြိုင်ပွဲတွင် မသန်စွမ်းအားကစားသမားများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်အားကစားသမားများသည် အားသွန်ခွန်စိုက်ကြိုးစားပြိုင်ပွဲဝင်ခဲ့ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် "တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ့အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့်အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး" ကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် မကျင်းပသည်မှာကြာခဲ့ပြီဖြစ်သော အမျိုးသားအားကစားပွဲတော်ကြီးကို ပြန်လည်ကျင်းပပေးခြင်းလည်းပါဝင်သည်။ ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် ယခုကဲ့သို့ အမျိုးသားအားကစားပွဲတော်ကျင်းပပေးခြင်းအတွက် နိုင်ငံတော်အစိုးရကိုကျေးဇူးတင်ကြောင်းနှင့် ပြိုင်ပွဲများအားနှစ်စဉ်ကျင်းပပေးစေလိုကြောင်း ရင်တွင်းစကားသံများကိုလည်းကြားသိရသည်။ ထိုသို့နှစ်စဉ်ကျင်းပပေးနိုင်မည်ဆိုပါက နိုင်ငံအတွက် ထူးချွန်ထက်မြက်သောအားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွက်လာပေမည်။

နိုင်ငံတော်အဆင့် အမျိုးသားအားကစားပွဲတော်များကျင်းပပေးသည့်အတွက် နိုင်ငံတော်၏အားကစားအဆင့်အတန်းသည် ပိုမိုတိုးတက်လာမည်။ အာဆီယံအပါအဝင် အခြားနိုင်ငံတကာတွင်ကျင်းပမည့် အားကစားပြိုင်ပွဲများတွင်ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အောင်မြင်မှုများပိုမိုရရှိလာမည်။ အားကစားပြိုင်ပွဲကြီးမှ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသည့် လူငယ်မျိုးဆက်သစ်အားကစားသမားများပေါ်ထွက်လာမည်။ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအကြား အချင်းချင်းချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာမည်ဖြစ်သကဲ့သို့ ပြည်သူတစ်ရပ်လုံးကလည်း အားကစားကိုပိုမိုစိတ်ဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လှုပ်ရှားလာကြမည်ဖြစ်သည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၀ နှစ်နီးပါးအကြာတွင် ပြန်လည်ကျင်းပနိုင်ခြင်းဖြစ်ပြီး အားကစားမြှင့်တင်ဆောင်ရွက်ခြင်းကို မွန်မြတ်သည့်လုပ်ငန်းစဉ်တစ်ရပ်၊ နိုင်ငံတော်အတွက်အရေးပါသည့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ခြင်းဖြစ်သည်။ ထို့ပြင် နိုင်ငံအတွက် စိတ်ဓာတ်စည်းကမ်းကောင်းမွန်ပြီး ကျန်းမာကြံ့ခိုင်သည့်စည်းလုံးညီညွတ်မှုဖြင့် နိုင်ငံကိုအကျိုးပြုနိုင်မည့် လူစွမ်းအားအရင်းအမြစ်များကိုပြုစုပျိုးထောင်ပေးခြင်းဖြစ်သည်။ နိုင်ငံသားတိုင်းသည် မိမိနိုင်ငံကိုဖွံ့ဖြိုးတိုးတက်အောင် မိမိတို့တတ်စွမ်းသည့်နေရာမှပါဝင်ကြရမည်ဖြစ်သည်။ အားကစားသမားများအနေဖြင့် နိုင်ငံ့အားကစားမြင့်မားရေးကို အားကစားစိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ဆောင်ရွက်ရမည်ဖြစ်သည်။ အားကစားမြှင့်တင်တည်ဆောက်ခြင်းသည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်ဟူသည့်အချက်သည် အမြင့်ဆုံးခံယူချက်ဖြစ်သည့်အတွက် အားကစားသမားတိုင်းအလေးအနက်ထားကြရမည်ဖြစ်သည်။

အမျိုးသားအားကစားပွဲတော်ကို ကျင်းပပေးသည့်အတွက် ဝန်ကြီးဌာနများမှ အားကစားထူးချွန်သူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အားကစားထူးချွန်သူများနှင့် မသန်စွမ်းအားကစားထူးချွန်သူများ ပေါ်ထွက်လာခဲ့ပြီဖြစ်သည်။ တကယ်ဖြစ်ချင်တကယ်လုပ် အဟုတ်ဖြစ်ရမည်ဟူသော ဆောင်ပုဒ်နှင့်အညီ ခွဲ၊ လုံ့လ၊ ဝီရိယကြိုးစားအားထုတ်မှု၊ လေ့ကျင့်သားပြည့်ဝမှုတို့ဖြင့် ပါဝင်ယှဉ်ပြိုင်သည့်အခါ ထူးချွန်ထက်မြက်သောအားကစားသမားကောင်းများပေါ်ထွက်လာပြီဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် အားကစားကဏ္ဍကို အလေးထားမြှင့်တင်ဆောင်ရွက်ပေးနေသည့်အတွက် ယခုအချိန်တွင် နိုင်ငံတော်၏အားကစားအဆင့်အတန်းသည် ပြန်လည်ဦးမော့လာပြီဖြစ်သည်။ တိုးတက်အောင်မြင်မှုအထိုက်အလျောက်ရရှိနေပြီဖြစ်သည်။ ယခုထက် ပိုမိုအောင်မြင်မှုရရှိအောင်၊ အတိတ်ကကဲ့သို့အောင်မြင်မှုမျိုးရရှိအောင်၊ နိုင်ငံတကာအလယ်တွင် မြင့်မြင့်မားမားရပ်တည်နိုင်အောင် "မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းရမည်" ဟူသည့်ရည်မှန်းချက်အတိုင်း ဆက်လက်ကြိုးပမ်းနေကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတကာအဆင့်ပြိုင်ပွဲများတွင် ဆုတံဆိပ်များဆွတ်ခူးရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများကို ဆုကြေးငွေအပါအဝင် ဂုဏ်ပြုချီးမြှင့်မှုများကို ထိုက်ထိုက်တန်တန်တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် တစ်ချိန်က နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အားကစားသမားဟောင်းကြီးများကိုလည်း ဂုဏ်ပြုသည့်အနေဖြင့် လစဉ်ထောက်ပံ့ကြေးများနှင့် ဘွဲ့ထူးဂုဏ်ထူးများချီးမြှင့်ပေးအပ်လျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် အားပေးချီးမြှင့်မြှောက်စားမှုများကို ပိုမိုဆောင်ရွက်ပေးနေသကဲ့သို့ အားကစားသမားများအနေဖြင့် မိမိနိုင်ငံ၏အလံတော်ကို နိုင်ငံတကာအလယ်တွင် အလံတိုင်ထိပ်ပေါ်သို့ရောက်အောင် လွှင့်ထူပေးနိုင်ရေးကြိုးစားကြရမည်ဖြစ်သည်။ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးတွင် အောင်မြင်မှုရရှိသူများအတွက် မုဒိတာပွားရသလို အောင်မြင်မှုမရှိသေးသူများအနေဖြင့် အားမလျှော့ဘဲ ဆက်လက်ကြိုးစားကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။

၃။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး။

၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား" ဖြင့် ဆောင်ရွက်ရေး။

၅။ "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဆိုသည့်ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဇွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး။

ဇမ္ဗူသီရိမြို့နယ်၌ စာဖတ်ရှုန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၀

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာလ ၁၉ ရက်တွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း ပညာဗိမာန်ခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေသည့် "ဇာတိမာန်သီချင်း" ဖြင့်သီဆို၍ အခမ်းအနားကိုဖွင့်လှစ်ပေးပြီး လူငယ်စကားဝိုင်းဆွေးနွေးပွဲကိုကျင်းပရာ ဇမ္ဗူသီရိမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်နီလာစိုးက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး Grade-11 မှ ကျောင်းသား၊ ကျောင်းသူများဖြစ်ကြသည့် မောင်အောင်ကျော်မင်းက "လူငယ်နှင့်ငြိမ်းချမ်းရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်ဟိန်းထက်စံက "လူငယ်နှင့်မူးယစ်ဆေးဝါး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မစုမြတ်ပိုပိုဇော်က "လူငယ်နှင့်ပညာရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြသည်။

ဆက်လက်၍ Grade-10 မှ ကျောင်းသား၊ ကျောင်းသူများဖြစ်ကြသည့် မလင်းလက်မော က "လူငယ်နှင့်ကျန်းမာရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မသက်ထားဇော်က "လူငယ်နှင့်နည်းပညာ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်ဘုန်းပြည့်ကိုကို၇င်က "လူငယ်နှင့်အားကစား" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးကြပြီး အခမ်းအနားသို့တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးချက်များအပေါ် ၎င်းတို့သိရှိလိုသည်များကိုမေးမြန်းကြရာ ပါဝင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားဆွေးနွေးကြသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာဖတ်ရှုန်မြှင့်တင်ရေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်စာစောင်များကို ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။

(၄၁၃)

မြဝတီ ခုနှစ်၌ The Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်းမှူး(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းဝိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာ၀နံခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာ၀နံခံ ၀၉-၂၅၀၅၅၆၃၇၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဖေဖြော်လ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

ကချင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၅၇/၂၀၂၄

၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်

(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)

ကချင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်အေးအေးမော်အား ကချင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဌေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ကချင်ပြည်နယ်တရားလွှတ်တော်တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၅၈/၂၀၂၄

၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်

(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)

ကချင်ပြည်နယ်တရားလွှတ်တော်တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်ပြုံးပြုံးကြည်အား ကချင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဌေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့်
ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလှုပ်ရှားမှုအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ်(၂) ရန်ကုန် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာအေးအေးခင်ကို ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့်ရာထူး၊ ဌာန
(က)	ဒေါက်တာငုသီတာ အထွေထွေမန်နေဂျာ မြန်မာ့စာတိုက်လုပ်ငန်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စာတိုက်လုပ်ငန်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
(ခ)	ပါမောက္ခဒေါက်တာလတ်လတ်ဝင်း ပါမောက္ခ/ဌာနမှူး ဆေးဝါးဗေဒဌာန ဆေးတက္ကသိုလ်(တောင်ကြီး) ကျန်းမာရေးလှုပ်ရှားမှုအားအရင်းအမြစ်ဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ဆေးဝါးတက္ကသိုလ်(ရန်ကုန်) ကျန်းမာရေးလှုပ်ရှားမှုအားအရင်းအမြစ်ဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၈/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်တွေ့ဆုံအားပေး

နေပြည်တော် ဒီဇင်ဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီးအတွင်းမှပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၈/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တပ်နယ်အားကစားရုံ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၈/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ပစ္စည်းများ ဂုဏ်ပြုပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများအား



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၈/၂၀၂၄)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ပစ္စည်းများဂုဏ်ပြုပေးအပ်ပြီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားစဉ်။


လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားကာ လိုအပ်သည်များ ပေါင်းစပ် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။ (၁၀၀)

၂၀-၁၂-၂၀၂၄ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၂၅၀,၀၀၀)ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

မိုးလေဝသ သတင်း



မြစ်ကိုအလျှားစုန်ကူးခဲ့သည့်

ကျွန်းစဉ်မြေစောခက်

ယမန်နေ့မှအဆက်

"အားလုံးပဲ မင်္ဂလာပါ"

"ဒီပွဲက နှုတ်ဆက်ပွဲဆိုတော့ နောက်ဆုံးတွေ့ဆုံခြင်းလို့လည်း အဓိပ္ပာယ်ရတာပေါ့နော်။ ဒီတော့ ခွဲခွာခြင်းဆိုတဲ့အကြောင်းတရားထဲမှာ ဘဝပြေးလမ်းထဲက ပညာရေးရသဖြစ်ပျက်မှုလေးတွေက ကျွန်တော့် ရင်ထဲမှာ နှောင်းတမြည့်မြည့်ရှိနေဆဲပါပဲလို့ မှာခြွေစကားနဲ့ နှုတ်ခွန်းဆက်ပါရစေ"

"ကျွန်တော် ဒီလို ကျောင်းဆရာဘဝကို ရရှိနိုင်ဖို့အတွက် ကျောင်းကထွက်ပြီး ၁၂ နှစ်တိုင်တိုင် ကြိုးစားခဲ့ရပါတယ်။ ကျွန်တော်က ကျောင်းမှာ ကိုးတန်းလောက်အထိပဲ ကျောင်းနေခဲ့ဖူးပါတယ်။ ကိုးတန်းမအောင်ခဲ့ပါဘူး"

"ကျောင်းပြင်ပကို မရေမရာဘဝနဲ့ရောက်သွားတော့ စပါးတောင်းကျောင်းဆရာ၊ ရေတံငါဘဝတွေအပြင် ကုန်သည်လိုလို၊ ဟိုလိုလို ဒီလိုလိုနဲ့ ခေါင်းစီးတပ်မရတဲ့ဘဝမျိုးစုံနဲ့ ကျင်လည်ခဲ့တယ်။ ထင်းခုတ်၊ ဓနိခုတ်ကအစ ဝင်ငွေတစ်ခုရဖို့ ကြိုးစားခဲ့ရတယ်။ အမေမရှိတော့တဲ့ အဖေ့ရဲ့တစ်ခြမ်းပဲ့အိမ်ထောင်ရေးဘဝအတွက် ကြံရာကျပန်းလုပ်ပြီး အားဖြည့်ပေးခဲ့တယ်။ ရခိုင်ကမ်းရိုးတန်းမြစ်ပြင်ကျယ်ကြီးထဲမှာ ပိုက်ချငါးရှာရင်း လှိုင်းသရမ်းတွေနဲ့ စီးချင်းထိုးခဲ့ရတယ်"

"၈.က.ပဆိုတဲ့ သူပုန်အဖွဲ့ကလည်း အစိုးရစာသင်ကျောင်းစာကို ရန်သူစာဆိုပြီး စာသင်ကျောင်းတွေပိတ်ထားချိန်ပါပဲ။ ကျွန်တော့်မှာ စာမေးပွဲဝင်ဖြေဖို့ စာကျက်နေရခြင်းက ရာဇဝတ်မှုတစ်ခုကို ကျူးလွန်မိနေသလိုမျိုး စာကိုခိုးကျက်၊ ခိုးဖတ်နေရတဲ့ဘဝပဲဗျာ။ ကျွန်တော့်ကို စာမေးပွဲဆက်မဖြေဖို့ ခြိမ်းခြောက်ကြပေမယ့် ကျွန်တော်ကလည်းမရဘူး၊ ဒီစာမေးပွဲကို ဖြစ်အောင်ဖြေမယ်၊ ကျောင်းဆရာဘဝကို ရအောင်ယူမယ်ဆိုတာ ကျွန်တော့်နှလုံးသားထဲမှာ ဂဟေစွဲလို့ မြဲနေတာကလားဗျာ"

"ကျောင်းပြင်ပရောက်လို့ ရုန်းကန်လှုပ်ရှားရင်း ၁၀ နှစ်တိတိအကြာမှာ ကိုးတန်းစာမေးပွဲကို အပြင်ဖြေနဲ့ ဖြေဆိုအောင်မြင်ခဲ့တယ်။ ကျွန်တော့်ရည်မှန်းချက်၊ ယုံကြည်ချက်ခရီး လက်တစ်ကမ်းအလို ရောက်ဖို့နီးလာပြီလို့ခံယူပြီး ကျွန်တော် ပိုပြီးကြိုးစားလာခဲ့တယ်။ ကျောင်းကထွက်လို့ ၁၂ နှစ်တိတိအကြာ ၁၉၇၉ ခုနှစ်အရောက်မှာတော့ ကျွန်တော် ၁၀ တန်းအောင်ခဲ့ပါတယ်ဗျာ။ အဲဒီ ၁၀ တန်းအောင်တဲ့ ၁၉၇၉ ခုနှစ်မှာပဲ ပညာရေးဌာနထဲရောက်ပြီး ကျောင်းဆရာဖြစ်လာခဲ့တာပါပဲ"

အမှတ် (၂၃) အခြေခံပညာအလယ်တန်းကျောင်းခွဲ အစည်းအဝေးခန်းမထဲမှာ ဆရာ၊ ဆရာမတွေအပြင် ကျောင်းသား၊ ကျောင်းသူတွေ၊ ကျောင်းသားမိဘတွေနဲ့ ပြည့်လျှံလို့နေပေသည်။ ဆရာကြီး ကျွန်တော်၏ပညာရေးခရီးလမ်းဇာတ်ဝင်ခန်းကို ကြေကွဲနေကြလေသလားမသိ။ လှုပ်လှုပ်ပုတ်ပုတ်တောင်မရှိကြ။

"အမှတ် (၂၃) အခြေခံပညာအလယ်တန်းကျောင်းခွဲ အစည်းအဝေးခန်းမထဲမှာ ဆရာ၊ ဆရာမတွေအပြင် ကျောင်းသား၊ ကျောင်းသူတွေ၊ ကျောင်းသားမိဘတွေနဲ့ ပြည့်လျှံလို့နေပေသည်။ ဆရာကြီး ကျွန်တော်၏ ပညာရေးခရီးလမ်းဇာတ်ဝင်ခန်းကို ကြေကွဲနေကြလေသလားမသိ။ လှုပ်လှုပ်ပုတ်ပုတ်တောင်မရှိကြ. . ."

"အဲဒီမှာဗျာ၊ ကျွန်တော်ဟာ ပင်လယ်ပြင်ကမ်းနံဘေးက ငန်းတောင်ရွာလို နေရာမျိုးကိုလည်းရောက်ခဲ့တယ်။ စာသင်ကျောင်းအဆောက်အအုံရယ်လို့လည်းမရှိဘဲ ဘုန်းတော်ကြီးကျောင်းပေါ်မှာပဲ ကျောင်းသား ၁၀၀ ကျော် အတန်းစုံကို ဆရာတစ်ဦးတည်းနဲ့ စာပြခဲ့ရတယ်။ ကိုယ်နေတဲ့သရက်တောင်ရွာက ငန်းတောင်ရွာကို နေ့စဉ်ပဲ လှေလေးကိုလှော်လို့ ကျောင်းသွား၊ ကျောင်းပြန်လုပ်ခဲ့တယ်"

"အဲဒီကနေ ကျားတွေ၊ ဆင်ရိုင်းတွေပေါတဲ့ ရိုးမတောင်ခြေကိုလည်း ရောက်ခဲ့သဗျ။ ရိုးမရောက်တော့လည်း ရိုးမသဘာဝပေါ့နော်။ အဆင်ပြေအောင်နေခဲ့တယ်။ ကိုယ့်ကျွန်းစဉ်မှာ စာသင်ကျောင်းတွေလည်း ဆောက်ခဲ့တယ်။ စာကြည့်တိုက်တွေလည်း တည်ထောင်ခဲ့တယ်။ ကျွန်တော့် ဘဝမှာ မှတ်မှတ်ရရ စာကြည့်တိုက်သုံးခုတည်ထောင်ခဲ့သဗျ။ သရက်တောင်ရွာ (တောင်ပိုင်း) မှာ အားသစ်လူငယ်စာကြည့်တိုက်၊ သရက်တောင် (မြောက်ပိုင်း) မှာ ကျေးလက်ရင်ခွင်စာကြည့်တိုက်၊ ခု ဒီကျောင်းမှာ မေတ္တာရိပ်စာကြည့်တိုက်ပေါ့ဗျာ။ စာကြည့်တိုက်တစ်ခုကို ဖွင့်လိုက်တာဟာ ထောင်တံခါးတစ်ခုကို ပိတ်လိုက်တာပဲတဲ့။ ဒါဆို ကျွန်တော် ထောင်တံခါးသုံးခုကို ပိတ်လိုက်နိုင်ပြီပေါ့ဗျာ။ ဒါကြောင့် ကျွန်တော်ရေးခဲ့တဲ့ ပြေးလမ်းဆိုတဲ့စာအုပ်မှာ ပေးဆပ်မှုပေါင်းများစွာနဲ့ ရယူထားတဲ့ကျောင်းဆရာဘဝကို ဘာနဲ့မှမလဲပါဘူးလို့ ရေးခဲ့ပါတယ်"

ပရိသတ်များ၏မျက်နှာပြင်များမှာ ပီတိရောင်များသန်းနေကြ၏။

"ရခိုင်ဘက်မှာ ကျွန်တော် ကျောင်းဆရာလုပ်သက် ၂၄ နှစ်ဖြစ်ခဲ့တာကိုး။ ခု ဒီကျောင်းမှာလည်း ကျောင်းကြီးဖွံ့ဖြိုးတိုးတက်ဖို့အတွက် တည်ဆောက်ခဲ့တာ ၁၀ နှစ်တိုင်တိုင်ဆိုတော့ ကျောင်းဆရာလုပ်သက် ၃၄ နှစ်မှာ ပင်စင်ယူခဲ့တယ်ဆိုပါတော့ဗျာ"

ပရိသတ်ကတော့ စိတ်ဝင်စားကြပုံရသည်။ လှုပ်လှုပ်ပုတ်ပုတ်မရှိကြ။

"ကျွန်တော် ဒီကျောင်းကြီးရောက်လာတော့ ကိုယ့်ကျောင်းမှာ လိုအပ်တာ၊ မပြည့်စုံတာတွေကများနေတော့ ဟိုပြေးရ၊ ဒီပြေးရနဲ့ ပြိုင်ခြင်းတစ်ကောင်လိုပါပဲဗျာ။ ခုတော့ဗျာ အစစအရာရာပြည့်စုံသလောက်ရှိသွားပါပြီ။ ကျောင်းကြီးလည်း အလယ်တန်းကျောင်းဖြစ်သွားပါပြီ။ ဆရာ၊ ဆရာမတွေလည်း တစ်စိတ်ဝမ်း တစ်လက်ညီနဲ့ နှလုံးသားထဲကလာတဲ့ မေတ္တာ စေတနာ အကြင်နာတွေအခြေခံပေးပြီး သင်ပေးလိုက်ကြလို့ ဆရာဝန်၊ အင်ဂျင်နီယာတွေတောင် ဖြစ်သွားကြပြီနော်"

"ဆရာ၊ ဆရာမတွေဟာ ကန်တော်မင်ကျောင်းဆရာတော်ရဲ့ လောကသာရဆုံးမစာထဲကလိုပဲ ကောင်းမှုမြတ်နိုး ကောင်းအောင်ကြိုးလို့ ကောင်းကျိုးကိုယ်၌ တည်စေခဲ့တာပေါ့ဗျာ"

"ကဲ အားလုံးပဲ ကိုယ့်ဘဝတစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်အောင် ကြိုးစားကြပါ။ ဆရာ၊ ဆရာမတွေ ကြိုးစားအောင်မြင်မှုသည် ကလေးတွေကို တိုးတက်စေတာပဲ၊ ကျောင်းကြီးတိုးတက်စေတာပါပဲ။ ဒါကြောင့် ကြိုးစားကြပါလို့ စေတနာစကားနဲ့အမှာပါးရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်"

"အားလုံးပဲ မေတ္တာရှေ့ထားနှလုံးသားပိုင်ရှင်များ ဖြစ်နိုင်ကြပါစေ"

ကျွန်တော် နှုတ်ခမ်းကိုတင်းတင်းစေ့ကာပြုံးလျက် လက်ပြဝှေ့ယမ်းနှုတ်ဆက်လိုက်သည်။

"ကျေးဇူးပါရှင့်။ ဆရာကြီးရဲ့ ကျေးဇူးတရားကြောင့် ကျွန်မတို့အစစအရာရာတိုးတက်ခဲ့ကြပါတယ်။ ဒီကျောင်းတော်ကြီးလည်း အလယ်တန်းကျောင်းဖြစ်ခဲ့ရပြီ။ ကလေးတွေလည်း လမ်းကြောင်းကောင်းကောင်းရလို့ ပညာတတ်လူငယ်လေးများ ဖြစ်နေကြပါပြီ။ ဆရာကြီးရဲ့ကျေးဇူးတရားတွေကို ကျွန်မတို့တစ်သက်မမေ့ပါဘူး။ ကျွန်မတို့ ဆရာကြီးအတွက် နှုတ်ဆက်လက်ဆောင်ပေါ့ရှင်။ ဒါလေးကိုတော့ ဆရာကြီး လက်ခံပေးပါ"

ဆရာမခေါင်သင်းသင်းကြူ ကတ္တီပါဘူးလေးကိုဖွင့်ပြီး စိန်လက်စွပ်တစ်ကွင်းကိုထုတ်ကာ ကျွန်တော့်ကို လှမ်းပေးလိုက်သည်။

ဆက်လက်ဖော်ပြပါမည်။

ဟိုင်းကြီးကျွန်းမြို့၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ၃၅၆၆ ဧက လျာထားစိုက်ပျိုးမည်

ဟိုင်းကြီးကျွန်း ဒီဇင်ဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ၃၅၆၆ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ငပုတောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်း၏ပြောကြားချက်အရ သိရသည်။

ဟိုင်းကြီးကျွန်းမြို့၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံမြေပဲ ၃၁၁၂ ဧက၊ နှမ်း ၃၇၁ ဧက၊ နေကြာစ၃ ဧက စုစုပေါင်းလျာထား၍ ၃၅၆၆ ဧကကို ယခုနှစ် ဒီဇင်ဘာလနောက်ဆုံးပတ်တွင် စတင်စိုက်ပျိုးမည်ဖြစ်သည်။

''ဟိုင်းကြီးကျွန်းမြို့အတွင်းမှာ ဆီထွက်သီးနှံတွေကို နှစ်စဉ်စိုက်ပျိုးပါတယ်။ ဒီဘက်ဒေသမှာက ဆီထွက်သီးနှံတွေကို ဆောင်းရာသီမှာ အဓိကထားစိုက်ပျိုးတာဖြစ်ပါတယ်။ အခုဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံစုံကို ၃၅၆၆ ဧက အထိ လျာထားစိုက်ပျိုးမှာပါ။ လက်ရှိ ဆီထွက်သီးနှံတွေ လျာထားဧကအားလုံး ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့ နည်းပညာနဲ့ တခြားပံ့ပိုးမှုတွေကို ဆောင်ရွက်ပေးထားပါတယ်။ ဆောင်းသီးနှံတွေ အသီးကောင်းပြီး အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ စတဲ့ လုပ်ငန်းတွေကို ဆက်လက်ကူညီဆောင်ရွက်ပေးမှာဖြစ်ပါတယ်'' ဟု ဦးဆန်းဝင်းကပြောသည်။

ဟိုင်းကြီးကျွန်းမြို့၌ ဆီထွက်သီးနှံများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးနည်းပညာနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဒေသခံတောင်သူများပူးပေါင်း၍ သီးနှံမစိုက်ပျိုးမီ ကြိုတင်ဆောင်ရွက်ထားကြောင်း၊ အဆိုပါစိုက်ပျိုးမည့် ဆီထွက်သီးနှံများ တစ်ဧကလျှင် ပျမ်းမျှ ၅၅ တင်းမှ တင်း ၆၀ အထိထွက်ရှိရန် လျာထားဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

သုတကျော်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

နှစ်နိုင်ငံအကြား အပြန်အလှန်ကုန်သွယ်မှုများတိုးတက်ကောင်းမွန်လျက်ရှိမှုနှင့် ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားမည့် အခြေအနေများဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E. Mr.CHENG Manith ကငင်း၏သံအမတ်ခန့်အပ်လွှာပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. CHENG Manith တို့ ဆွေးနွေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. CHENG Manith သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ သံတမန်ဆောင်စည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကိုပေးအပ်သည်။

ထို့နောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှုနှင့်ချစ်ကြည်ရင်းနှီးမှုများတိုးတက်ကောင်းမွန်လျက်ရှိမှု အခြေအနေများ၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား အပြန်အလှန် ကုန်သွယ်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုနှင့် ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ခရီးသွားကဏ္ဍာဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှုအပြန်အလှန်ဖလှယ်ရေးနှင့် နှစ်နိုင်ငံသံတမန်ဆက်ဆံမှု နှစ် (၇၀) ပြည့်အခမ်းအနားကို အနှစ်သာရရှိရှိဖြင့် ကျင်းပနိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများတိုးတက်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးတို့ တက်ရောက်ခဲ့ကြကြောင်းသတင်းရရှိသည်။

(၁၀၀)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

နယ်စပ်ကုန်သွယ်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်သည့်အခြေအနေများနှင့် အပြန်အလှန်ကုန်သွယ်မှုများမြှင့်တင်ရေးဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာလာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Bounphieng CHANTHAVONG က ငင်း၏သံအမတ်ခန့်အပ်လွှာပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာလာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Bounphieng CHANTHAVONG တို့ ဆွေးနွေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Bounphieng CHANTHAVONG သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ သံတမန်ဆောင်စည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကိုပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် အိမ်နီးချင်းကောင်း မိတ်ဆွေကောင်းနိုင်ငံများဖြစ်ပြီး ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ နယ်စပ်ကုန်သွယ်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်သည့် အခြေအနေများ၊ ချစ်ကြည်ရေးတံတားမှတစ်ဆင့် နှစ်နိုင်ငံပြည်သူများ ကူးလူးဆောင်ရွက်မှုများကြောင့် နှစ်နိုင်ငံနှင့်ပြည်သူများအချင်းချင်းချစ်ကြည်ရင်းနှီးမှုများတိုးတက်ကောင်းမွန်နိုင်မည့် အခြေအနေများ၊ အပြန်အလှန်ကုန်သွယ်မှုများမြှင့်တင်ရေး၊ ခရီးသွားလုပ်ငန်းများတိုးတက်စေရေးအတွက် လေကြောင်းတိုက်ရိုက်ပျံသန်းမှုများ တိုးချဲ့ဆောင်ရွက်နိုင်သည့် အခြေအနေများ၊ ပညာတော်သင်များအပြန်အလှန်စေလွှတ်လျက်ရှိမှုနှင့် ယဉ်ကျေးမှုအဖွဲ့များ အပြန်အလှန်စေလွှတ်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီးတို့ကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သီးခြားစီလက်ခံတွေ့ဆုံ



နေပြည်တော် ဒီဇင်ဘာ ၂၀

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E.Mr.CHENG Manith ကိုယနေ့မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီး H.E.Mr. Bounphieng CHANTHAVONG ကို မွန်းလွဲ ၁ နာရီခွဲတွင်လည်းကောင်း နေပြည်တော်ရှိနိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုပိုမိုတိုးတက်ခိုင်မာရေး၊ ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ကဏ္ဍများအပါအဝင် နှစ်နိုင်ငံအကြား အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် နယ်ပယ်စုံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် ပိုမို နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

လာအိုနိုင်ငံသံအမတ်ကြီးနှင့်တွေ့ဆုံစဉ် မြန်မာ-လာအို နှစ်နိုင်ငံအကြား သမိုင်းကြောင်းအစဉ်အလာအရ ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို တည်ရှိပြီး နှစ်နိုင်ငံယန္တရားများမှတစ်ဆင့် ပိုမိုခိုင်မာစေရေး၊ နှစ်နိုင်ငံဘုံအကျိုးဖြစ်ထွန်းစေမည့် ကုန်သွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်စွမ်းအား အစရှိသည့်ကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့အပေါ် ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

နှစ်(၈၀)ပြည့် ဗီယက်နမ်ပြည်သူ့တပ်မတော်နေ့ အထိမ်းအမှတ်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၃၅)နှစ်မြောက် အမျိုးသားကာကွယ်ရေးနေ့ အထိမ်းအမှတ်ပွဲပြုလုပ်



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ဗီယက်နမ်စစ်သံမှူး Senior Col.Dao Van Duy နှင့် အခမ်းအနားတက်ရောက်လာကြသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၀

နှစ်(၈၀)ပြည့် ဗီယက်နမ်ပြည်သူ့တပ်မတော်နေ့အထိမ်းအမှတ်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၃၅)နှစ်မြောက် အမျိုးသားကာကွယ်ရေးနေ့ အထိမ်းအမှတ်ပွဲကို ဒီဇင်ဘာလ ၁၉ ရက်ညပိုင်းတွင် ရန်ကုန်မြို့ရှိ Melia Hotel ၌ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် ဗီယက်နမ်စစ်သံမှူး Senior Col.Dao Van Duy၊ ဗီယက်နမ်သံအမတ်ကြီး H.E.Ly Quoc Tuan၊ တာဝန်ရှိသူများ၊ ဗီယက်နမ်စစ်သံရုံးနှင့် DSAC အဖွဲ့ဝင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။


ဦးစွာ တိုင်းမှူးနှင့် ဗီယက်နမ်စစ်သံမှူး၊ ဗီယက်နမ်သံအမတ်ကြီး၊ တက်ရောက်လာကြသူများက နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများဖွင့်လှစ်၍ အလေးပြုကြပြီး ဗီယက်နမ်ပြည်သူ့တပ်မတော်ဖွဲ့စည်းခြင်း ဆိုင်ရာမှတ်တမ်းရုပ်ရှင်များအား ကြည့်ရှုကြသည်။ ထို့နောက် တိုင်းမှူးနှင့်ဗီယက်နမ်စစ်သံမှူး၊ ဗီယက်နမ်သံအမတ်ကြီးတို့က အထိမ်းအမှတ်ကိတ်မုန့်လှီးဖြတ်ပေးကြသည်။


ဆက်လက်၍ တိုင်းမှူးနှင့် ဗီယက်နမ်စစ်သံမှူး၊ ဗီယက်နမ်သံအမတ်ကြီးတို့က တက်ရောက်လာကြသူများနှင့်အတူ ညစာသုံးဆောင်ကြပြီး အနုပညာကပြတင်ဆက်မှုများအား ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

အထူးမိုးလေဝသသတင်း





အနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/၈လ)

ညအပူချိန်လျော့နည်းခဲ့သောဒဏ်များ၏ ၂၀-၁၂-၂၀၂၄ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ

မြို့အမည်	ဒီဂရီ ဆဲလ်စီးယက်	ဒီဂရီ ဖာရင်ဟိုက်
ဟားခါးမြို့	၁.၀	၃၃.၈
တီးတိန်မြို့	၄.၈	၄၀.၆
ပြင်ဦးလွင်မြို့	၅.၁	၄၁.၂
မြစ်ကြီးနားမြို့	၆.၂	၄၃.၂
နမ့်စန်မြို့ (ရှမ်းပြည်နယ်တောင်ပိုင်း)	၆.၄	၄၃.၅
ပူတာအိုမြို့	၆.၅	၄၃.၇
မချမ်းဘောမြို့	၇.၅	၄၅.၅
ဟဲဟိုးမြို့	၈.၀	၄၆.၄

ရုပ်ရှင်ဥပဒေကိုပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ရုပ်ရှင်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ
(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၉/၂၀၂၄)

၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်
(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရုပ်ရှင်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ရုပ်ရှင်ဥပဒေပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ(က)၊(ခ)နှင့်(ဇ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) **ရုပ်ရှင်**ဆိုသည်မှာ နည်းပညာတစ်ရပ်ရပ်ဖြင့် ရုပ်ငြိမ်ကိုဖြစ်စေ၊ ရုပ်ပုံလှုပ်ရှားခြင်းကိုဖြစ်စေ၊ ရုပ်ပုံနှင့်အသံကိုဖြစ်စေထွက်ပေါ်စေခြင်းနှင့် ထိုကဲ့သို့ ထွက်ပေါ်စေရန် နည်းပညာတစ်ရပ်ရပ်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လုပ်ခြင်းနှင့်ပြသခြင်းတို့ကို ဆိုသည်၊

(ခ) **ရုပ်ရှင်ကား** ဆိုသည်မှာ ရုံတင်ပြသရန်သော်လည်းကောင်း၊ ရုံတင်ပြသပြီးနောက် နည်းပညာတစ်ရပ်ရပ်ဖြင့် ဖြန့်ချိရန်သော်လည်းကောင်း၊ ရုံတင်ပြသခြင်းမပြုဘဲ အိမ်သုံးအဖြစ်သော်လည်းကောင်း၊ ရုပ်မြင်သံကြားနှင့်အင်တာနက်(Internet)မှ ထုတ်လွှင့်ပြသရန်သော်လည်းကောင်း၊ ပြိုင်ပွဲဝင်ရန်အတွက်သော်လည်းကောင်း ရိုက်ကူးထုတ်လုပ်ထားသော ဇာတ်လမ်းကား၊ မှတ်တမ်းကား၊ ဇာတ်သဘင်၊ အငြိမ့်၊ ပြဇာတ်၊ တေးဂီတရုပ်ရှင်ကား၊ ဇာတ်လမ်းတို သို့မဟုတ် ဇာတ်လမ်းတွဲကို ဆိုသည်၊

(ဇ) **ဦးစီးဌာန**ဆိုသည်မှာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကိုဆိုသည်၊"

(ခ) ပုဒ်မခွဲ(ဇ)၏နောက်တွင် ပုဒ်မခွဲ(ဈ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဈ) **ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်**ဆိုသည်မှာ ရုပ်ရှင်ကားတစ်ကားရိုက်ကူးထုတ်လုပ်ရာတွင် အနုပညာပိုင်းဆိုင်ရာသော်လည်းကောင်း၊ အတတ်ပညာပိုင်းဆိုင်ရာသော်လည်းကောင်း ပါဝင်ရသည့် ဒါရိုက်တာများ၊သရုပ်ဆောင်များ၊ ဇာတ်ညွှန်းရေးသူများ၊ တေးဂီတဖန်တီးသူများ၊ တည်းဖြတ်သူများ၊ ရိုက်ကွင်းစီစဉ်သူများ၊ ထုတ်လုပ်ရေးမန်နေဂျာများနှင့်ရုပ်ရှင်ကားတစ်ကားထုတ်လုပ်ရာတွင် လိုအပ်ချက်အရ နည်းပညာတစ်ရပ်ရပ်ဖြင့် ဖန်တီးပါဝင်သူများကိုဆိုသည်။"

၃။ ရုပ်ရှင်ဥပဒေပုဒ်မ ၃ တွင်-

(က) ပုဒ်မခွဲ(က)တွင်ပါရှိသော "မြန်မာ့ရုပ်ရှင်လုပ်ငန်း"ဆိုသည့်စကားရပ်ကို "မြန်မာ့ရုပ်ရှင်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်၊

(ခ) ပုဒ်မခွဲ(ဃ)တွင်ပါရှိသော "ရုပ်ရှင်အနုပညာရှင်များ၊ ရုပ်ရှင်ပညာသည်များ"ဆိုသည့်စကားရပ်ကို "ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ"ဆိုသည့်စကားရပ်ဖြင့်အစားထိုးရမည်။

၄။ ရုပ်ရှင်ဥပဒေပုဒ်မ ၄ ခြေဆင်း၊ ပုဒ်မ ၇၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅ခြေဆင်း၊ ပုဒ်မ ၂၆၊ ပုဒ်မ ၂၇၊ ပုဒ်မ ၃၆ နှင့် ပုဒ်မ ၃၉ ပုဒ်မခွဲ(က)နှင့်(ခ)တို့တွင်ပါရှိသော "မြန်မာ့ရုပ်ရှင်လုပ်ငန်း"ဆိုသည့်စကားရပ်များကို "ဦးစီးဌာန"ဆိုသည့် စကားရပ်များဖြင့် အသီးသီးအစားထိုးရမည်။

၅။ ရုပ်ရှင်ဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ဇ)၏နောက်တွင် ပုဒ်မခွဲ(ဈ)၊(ည)၊(ဋ)၊(ဌ)၊(ဍ)နှင့် (ဎ)တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဈ) ရုပ်ရှင်သင်တန်းကျောင်းဖွင့်လှစ်ခြင်း၊

(ည) ရုပ်ရှင်ရိုက်ကူးရေးသုံးပစ္စည်းများငှားရမ်းခြင်း၊

(ဋ) ရုပ်ရှင်ထုတ်လုပ်ရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်း၊

(ဌ) ရုပ်ရှင်စတူဒီယို(Studio)တည်ထောင်လုပ်ကိုင်ခြင်း၊

(ဍ) ရုပ်ရှင်ကား အရုပ်၊ အသံကူးပြောင်းမှုနှင့် အထူးပြုလုပ်ချက်များဆောင်ရွက်ခြင်း၊

(ဎ) အွန်လိုင်း(Online)ရုပ်ရှင်ရုံတည်ထောင်ခြင်း၊ အက်ပလီကေးရှင်းများ(Applications)အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်း၊ အွန်လိုင်းပလက်ဖောင်းများ(Online Platforms) အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်း။"

၆။ ရုပ်ရှင်ဥပဒေပုဒ်မ ၅ ကိုအောက်ပါအတိုင်း အစားထိုးရမည်-

"၅။ ဦးစီးဌာနသည် လျှောက်ထားချက်ကိုသတ်မှတ်ချက်များနှင့်ညီညွတ်ခြင်းရှိ မရှိ စိစစ်၍ ရုပ်ရှင်လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းတို့ကို ပြန်ကြားရေးဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။"

၇။ ရုပ်ရှင်ဥပဒေပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈။ ဦးစီးဌာနသည် ရုပ်ရှင်လုပ်ငန်းလိုင်စင်ရရှိသူလိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်ရမည်။"

၈။ ရုပ်ရှင်ဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ(က)ပုဒ်မခွဲငယ်(၁)နှင့် ပုဒ်မ ၁၉ ပုဒ်မခွဲ(က)ပုဒ်မခွဲငယ်(၂)တို့တွင် ပါရှိသော "ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း"ဆိုသည့်စကားရပ်ကို "ညွှန်ကြားရေးမှူးချုပ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ရုပ်ရှင်ဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ(က)ပုဒ်မခွဲငယ်(၄)နှင့်ပုဒ်မ ၁၉ ပုဒ်မခွဲ(က)ပုဒ်မခွဲငယ်(၅)တို့တွင် ပါရှိသော "ညွှန်ကြားရေးမှူး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း"ဆိုသည့်စကားရပ်ကို "ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန"ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၉။ ရုပ်ရှင်ဥပဒေပုဒ်မ ၂၈ ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"၂၈။ ဦးစီးဌာနသည် ရုပ်ရှင်ရုံလိုင်စင်ရရှိသူ လိုက်နာရမည့်စည်းကမ်းချက်များကိုသတ်မှတ်ရမည်။"

၁၀။ ရုပ်ရှင်ဥပဒေအခန်း(၆)၏နောက်တွင် အခန်း(၇)နှင့်အခန်း(၈)တို့ကို အောက်ပါအတိုင်းအစားထိုးရမည်-

အခန်း(၇)

စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့်အယူခံခြင်း

၃၀။ ဦးစီးဌာနသည် ပုဒ်မ ၈ အရ သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်သော ရုပ်ရှင်လုပ်ငန်းလိုင်စင်ရရှိသူအား ဒဏ်ကြေးငွေအနည်းဆုံးကျပ်ငါးသောင်းမှအများဆုံးကျပ်သုံးသိန်းထိချမှတ်ရမည်။ ထို့ပြင် ရုပ်ရှင်လုပ်ငန်းလိုင်စင်ကိုလည်း ရုပ်သိမ်းနိုင်သည်။

၃၁။ ဦးစီးဌာနသည် ပုဒ်မ ၂၈ အရ သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သော ရုပ်ရှင်ရုံလိုင်စင်ရရှိသူအား ဒဏ်ကြေးငွေအနည်းဆုံး ကျပ်သုံးသောင်းမှအများဆုံးကျပ်နှစ်သိန်းထိချမှတ်ရမည်။ ထို့ပြင် ရုပ်ရှင်ရုံလိုင်စင်ကိုလည်း ရုပ်သိမ်းနိုင်သည်။

၃၂။ ဦးစီးဌာနသည် နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားကိုထိခိုက်စေရန် လှုံ့ဆော်ခြင်း၊ စည်းရုံးခြင်း သို့မဟုတ် ဟောပြောခြင်းကိုသော်လည်းကောင်း၊ နိုင်ငံတော်အကြည်ညိုဂျက်စေရန် ပြုမူပြောဆိုခြင်း၊ ကြေညာခြင်း သို့မဟုတ် လှုံ့ဆော်ခြင်းကိုသော်လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်ဆန့်ကျင်သော မည်သည့်လှုပ်ရှားမှုမျိုးမဆို ပါဝင်ပတ်သက်ခြင်းကိုသော်လည်းကောင်း ပြုသည့် မည်သည့်ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်ကိုမဆို အောက်ပါစီမံခန့်ခွဲရေး အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) မည်သည့်ရုပ်ရှင်ကား ထုတ်လုပ်ရာတွင်မဆို ပါဝင်လုပ်ကိုင်ခြင်းကို အနည်းဆုံး တစ်နှစ်မှအများဆုံးသုံးနှစ်ထိ ကန့်သတ်တားမြစ်ခြင်း။

၃၃။ ရုပ်ရှင်ဆင်ဆာအဖွဲ့ သို့မဟုတ် ဦးစီးဌာန၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြန်ကြားရေးဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၃၄။ ပြန်ကြားရေးဝန်ကြီးဌာနသည် အယူခံခြင်းနှင့်စပ်လျဉ်း၍ ရုပ်ရှင်ဆင်ဆာအဖွဲ့ သို့မဟုတ် ဦးစီးဌာန၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ၊ အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း၊ ပြန်လည်စိစစ်စေရန် သို့မဟုတ် စစ်ဆေးစေရန် ညွှန်ကြားခြင်းပြုနိုင်သည်။

၃၅။ ပြန်ကြားရေးဝန်ကြီးဌာန၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၃၆။ ဦးစီးဌာနကချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ အယူခံမဝင်ပါက အယူခံကာလကုန်ဆုံးသောအခါ ဦးစီးဌာန၏ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်စေရမည်။

အခန်း(၈)

ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၇။ မည်သူမဆို ပုဒ်မ ၁၄ ပုဒ်မခွဲ (ခ)ပါ ပြဋ္ဌာန်းချက်ကိုလိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးကျပ်ငါးသိန်းမှ အများဆုံးကျပ်တစ်ဆယ်သိန်းထိ ငွေဒဏ်ချမှတ်ရမည်။

၃၈။ မည်သူမဆို-

(က) အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံးကျပ်သိန်းနှစ်ဆယ်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သောသက်သေခံပစ္စည်းများကို နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းဆည်းရမည်-

(၁) ရုပ်ရှင်လုပ်ငန်းလိုင်စင်မရှိဘဲ ပုဒ်မ ၄ ပါ လုပ်ငန်းအမျိုးအစားတစ်မျိုးမျိုးကို လုပ်ကိုင်ခြင်း၊

(၂) ရုပ်ရှင်ဆင်ဆာလက်မှတ်မရှိသော ရုပ်ရှင်ကားကိုပြသခြင်း။

(ခ) ပုဒ်မခွဲ(က)ပါ ပြစ်မှုများကို ထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်သိန်းနှစ်ဆယ်မှ အများဆုံးကျပ်သိန်းသုံးဆယ်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၃၉။ မည်သူမဆို ပြည်တွင်း၌ရိုက်ကူးထားသည့် ရုပ်ရှင်ကားကို ရုပ်ရှင်ဆင်ဆာလက်မှတ်မရှိဘဲ ပြည်ပသို့တင်ပို့ခြင်း သို့မဟုတ် ပြည်ပ၌ပြသခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ခုနစ်သိန်းမှ အများဆုံးကျပ်တစ်ဆယ်သိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

စာမျက်နှာ ၈ သို့ ○

ဂ စာမျက်နှာ ၇ မှအဆက်

၄၀။ မည်သူမဆို ရုပ်ရှင်ဆင်ဆာအဖွဲ့၏ဖြတ်တောက်ရန် သို့မဟုတ် ပြုပြင်ရန် ညွှန်ကြားချက်ကို လိုက်နာခြင်းမပြုဘဲ ရုပ်ရှင်ကားကို ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ၄ားရမ်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် ပြသခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးခြောက်လမှ အများဆုံး သုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ်ငါးသိန်းမှ အများဆုံးကျပ်တစ်ဆယ်သိန်းထိ ငွေဒဏ်လည်းချမှတ်နိုင်သည်။

၄၁။ မည်သူမဆို-

(က) ရုပ်ရှင်ရုံလိုင်စင်မရှိဘဲ ရုပ်ရှင်ပြသခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်ခုနစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

(ခ) ပုဒ်မခွဲ(က)ပါ ပြစ်မှုကိုထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှအများဆုံး ကျပ်သိန်းနှစ်ဆယ်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၂။ မည်သူမဆို ဤဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များ သို့မဟုတ် လုပ်ထုံးလုပ်နည်းများပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ခြင်း သို့မဟုတ် တားမြစ်ချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်ကျူးလွန်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။"

၁၁။ ရုပ်ရှင်ဥပဒေ မူလပုဒ်မ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀၊ ၄၁ နှင့် ၄၂ တို့ကို ပုဒ်မ ၄၃၊ ၄၄၊ ၄၅၊ ၄၆၊ ၄၇၊ ၄၈ နှင့် ၅၀ တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၁၂။ ပြန်လည်အမှတ်စဉ်ထားသည့် ရုပ်ရှင်ဥပဒေ ပုဒ်မ ၄၆၏နောက်တွင် ပုဒ်မ ၄၆-ကအဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၄၆-က။ ဤဥပဒေနှင့်အညီ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်ခြင်းသည် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူပိုင်ခွင့်ကို တားမြစ်ပိတ်ပင်ခြင်းမရှိစေရ။"

၁၃။ ပြန်လည်အမှတ်စဉ်ထားသည့် ရုပ်ရှင်ဥပဒေပုဒ်မ ၄၉ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၄၉။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ပြန်ကြားရေးဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ထုတ်ပြန်နိုင်သည်၊

(ခ) ပြန်ကြားရေးဝန်ကြီးဌာန၊ ဦးစီးဌာန၊ ရုပ်ရှင်ဆင်ဆာအဖွဲ့ သို့မဟုတ် အကဲဖြတ်အဖွဲ့သည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူ တစ်ဦး၏ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေး စကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဆေးကုသမှု ခံယူနေသူ တစ်ဦးအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ဆေးကုသမှုခံယူနေသူ တစ်ဦးအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း ဆေးကုသမှု ခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက် ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေး စကားပြောကြားပြီး အာဟာရဖြည့်စားသောက် ဖွယ်ရာများပေးအပ်စဉ်။





တောင်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ဆေးကုသမှု ခံယူနေသူ တစ်ဦး၏ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေး စကားပြောကြားစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော သံဃာတော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများပေးအပ်ကာ ဆရာဝန်၊ သူနာပြုများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်းလှည့်လည်ကြည့်ရှု၍ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

ပျော်ပျော်ရွှင်ရွှင်အောင်အောင်မြင်မြင်နှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သော အမျိုးသားအားကစားပွဲတော်

ဘုန်းမောင်ဝင်း(ဖျာပုံ)

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၉ ရက်က အထူးပဲစည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပါတယ်။ အမျိုးသား အားကစားပွဲတော်ဆိုတာ နိုင်ငံတစ်နိုင်ငံအတွက် မှတ်တမ်းတင်ထိုက်တဲ့ ပွဲတော်တစ်ခုဖြစ်တာမို့ ပွဲတော်အခမ်းအနားကြီးမစတင်မီမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နဲ့ ဇနီးဒေါ်ကြူကြူလှတို့က ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ကုံကော်ပင်ကိုစိုက်ပျိုးပေးပြီး အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးခြင်း ကမ္ဘည်းမော်ကွန်းအား အမွေးနုံသာရည်များ ပက်ဖျန်းပေးကြပါတယ်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားစတင်ကျင်းပတဲ့အခါမှာလည်း အလွတ်ခုန် လေထီးစစ်သည်တွေက အမျိုးသားအားကစားပွဲတော်အလံနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အလံတွေကို ဝေဟင်ထက်မှ မြေပြင်သို့ ချိတ်ဆွဲသယ်ဆောင်ပြီး ကွင်းအတွင်းသို့ ဂုဏ်ပြုဆင်းသက်ခဲ့ကြပါတယ်။ တေးသံရှင်တွေကလည်း မြန်မာ့ဆိုင်ဝိုင်း၊ မြန်မာ့တူရိယာများနဲ့ ခေတ်မီဆန်းသစ်စွာ မြိုင်မြိုင်ဆိုင်ဆိုင်တီးခတ်သီဆိုကြပါတယ်။ ထို့အတူ မီးအလှပြုမှုတွေကိုလည်းတင်ဆက်ပြသပါတယ်။ အခမ်းအနားဖွင့်လှစ်ပြီး တစ်ချိန်တည်းမှာပဲ မီးရှူးမီးပန်းတွေ ပစ်ဖောက်ခြင်းနဲ့အတူ လှပချစ်စရာ တို့ရွှေမြန်မာတေးသီချင်းနဲ့ သရုပ်ဖော်တင်ဆက်ကပြကြပါတယ်။ ဒါတွေကတော့ ဒီဇင်ဘာလ ၉ ရက်မှာ တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ပြီးဖြစ်လို့ပြည်တွင်းမှာသာမက နိုင်ငံတကာကပါမြင်တွေ့ကြပြီးဖြစ်ပါတယ်။ တကယ့်ကိုပဲ ခမ်းနားကြီးကျယ်လှတဲ့ မြင်ကွင်းတွေပါပဲ။

ဒီလိုမျိုး အမျိုးသားအားကစားပွဲတော်တွေကိုအောင်အောင်မြင်မြင်ကျင်းပနေတာဟာ မြန်မာ့အားကစားအဆင့်အတန်းအမြင့်မားဆုံးအခြေအနေသို့ရောက်ရှိပြီး ကမ္ဘာကိုလွှမ်းနိုင်တဲ့အဆင့်ထိမျှော်မှန်းပြီး ကျင်းပပေးနေတာဖြစ်ပါတယ်။ ပြိုင်ပွဲတွေရှိနေမှလည်း ထူးချွန်ထက်မြက်တဲ့ အားကစားသမားကောင်းတွေပေါ်ထွက်ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သူတွေဖြစ်လာမှာပါ။ ပြိုင်ပွဲကျင်းပပေးတဲ့ရည်ရွယ်ချက်တွေကိုကြည့်မယ်ဆိုရင် **"နိုင်ငံတော်၏အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်အောင်မြင်မှုရရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့်အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရန်နှင့်ပြည်သူလူထုတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရန်"** ဆိုတဲ့ဦးတည်ချက်တွေနဲ့ကျင်းပနေတာဖြစ်ပါတယ်။



အမျိုးသားအားကစားပွဲတော် ကျင်းပခြင်းနဲ့ပတ်သက်လို့ ပြန်လည်လေ့လာကြည့်မယ်ဆိုရင် အမျိုးသားအားကစားပွဲတော်ကို ၁၉၉၂ ခုနှစ်၊ ၁၉၉၄ ခုနှစ်၊ ၁၉၉၇ ခုနှစ်နဲ့ ၂၀၁၅ ခုနှစ်တို့မှာလေးကြိမ်ကျင်းပခဲ့ပြီးယခု ၂၀၂၄ ခုနှစ်မှာတော့ ပဉ္စမအကြိမ်မြောက်ကျင်းပခြင်းဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့တာဝန်အရပ်ရပ်ကို တပ်မတော်ကဦးဆောင်ထမ်းရွက်ရတဲ့အခါတိုင်းမှာ အမျိုးသားအားကစားပွဲတော်တွေကို ခမ်းခမ်းနားနား ကြီးကျယ်စည်ကားစွာ ကျင်းပပေးနိုင်တာတွေ့ရှိရပါတယ်။ ဒါကလည်းသေသေချာချာတွေးဆကြည့်မယ်ဆိုရင် တပ်မတော်က နိုင်ငံတော်အပေါ်၊ ပြည်သူများအပေါ်ထားရှိတဲ့ကောင်းမွန်တဲ့စေတနာမှန်တွေလို့ပြောလို့ရပါတယ်။ အားကစားဆိုတာ နိုင်ငံတစ်နိုင်ငံအတွက် အမြှင့်သန်လှုပ်ရှားနေရမယ့်အရာမျိုးဖြစ်ပါတယ်။

လူသားတိုင်းအသက်ရှင်သန်ရပ်တည်နေထိုင်ရေးအတွက် အဓိကလိုအပ်ချက်မှာ ကျန်းမာရေး ကောင်းမွန်နေရေးဖြစ်ပါတယ်။ ကျန်းမာရေးကောင်းမွန်ဖို့ဆိုရင် အားကစားတစ်ခုခုကိုလေ့ကျင့်နေရမှာဖြစ်ပါတယ်။ ဆိုလိုတာက အားကစားနဲ့ကျန်းမာရေးဆိုတာ လူတိုင်းအတွက်မရှိမဖြစ်တဲ့အရာဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ လူမှုရေးဦးတည်ချက်မှာ **"တစ်မျိုးသားလုံး သက်ရှည်ကျန်းမာ ကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့်ကျန်းမာရေးကဏ္ဍနှင့်အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး"** ကိုထည့်သွင်းထားတာဖြစ်ပါတယ်။ ဦးတည်ချက်ထားရှိခြင်းနဲ့အတူ ဦးတည်ချက်ကိုအောင်မြင်အောင်အားသွန်ခွန်စိုက်ကြိုးပမ်းလုပ်ဆောင်နေပါတယ်။ နိုင်ငံအတွင်းမှာအားကစားနဲ့ပတ်သက်လို့ နည်း၂၃ မျိုးယှဉ်ပြိုင်ကြရပါတယ်။ မသန်စွမ်းပြိုင်ပွဲဝင်တွေအတွက် အားကစားနည်းလေးမျိုးယှဉ်ပြိုင်ကြရပါတယ်။ အားကစားနည်းဆိုတာ နည်းတစ်နည်းမှာပင် ပြိုင်ရတဲ့အမျိုးအစားက များပြားပါတယ်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်မှာပါဝင်ယှဉ်ပြိုင်သူတွေရဲ့စကားသံတွေမှာ အားလုံးတူညီစွာပြောဆိုကြတဲ့ အချက်တွေကတော့ အခုလိုမျိုးအမျိုးသား အားကစားပြိုင်ပွဲကြီးကျင်းပပေးလို့ နိုင်ငံတော်အစိုးရကို အထူးပဲကျေးဇူးတင်ရှိပါကြောင်းနဲ့ အခုလိုမျိုးအမျိုးသားအားကစားပွဲတော်တွေကို နှစ်စဉ်ကျင်းပပေးစေလိုကြောင်းဆိုတဲ့အချက်တွေဖြစ်ပါတယ်။ သူတို့တွေခမျာ ပြိုင်ပွဲတွေမရှိလို့ သူတို့ရဲ့အစွမ်းအစတွေပြသခွင့်မရခဲ့သလို နိုင်ငံတော်အတွက် ထူးချွန်တဲ့အားကစားသမားတွေလည်း ရွေးချယ်နိုင်ခြင်းမရှိခဲ့ပါဘူး။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အဝိုင်းပြိုင်ပွဲကြီးကိုနှစ်စဉ်ကျင်းပတဲ့အခါရွှက်ပုန်းသီးပညာရှင်တွေ ပေါ်ပေါက်လာသလို အားကစားမှာလည်းနှစ်စဉ်ကျင်းပပေးမယ်ဆိုရင် စဉ်ဆက်မပြတ်တဲ့အားကစားထူးချွန်တဲ့ရွှက်ပုန်းသီးတွေအများကြီးပေါ်ထွန်းလာမှာဖြစ်ပါတယ်။

အမျိုးသားအားကစားပွဲတော်ကြီးမှာ ပြိုင်ပွဲဝင်ကြတဲ့ အားကစားမောင်မယ်တွေအနေနဲ့ အားကစားစိတ်ဓာတ်အပြည့်အဝရှိကြပါတယ်။ အားကစားစိတ်ဓာတ်မှာ လူငယ်လူရွယ်တို့ရဲ့ ဘဝအနိမ့်အမြင့်၊ အနာဂတ်ကံကြမ္မာကိုပိုပြင်အောင် ရုပ်လုံးဖော်ပေးနိုင်စွမ်းရှိတဲ့ပင်မအခြေခံအင်အားတစ်ရပ်ဖြစ်ပါတယ်။ အားကစားသမားကောင်းတစ်ဦးဖြစ်လိုလျှင် သည်းခံမှု၊ ဇွဲရှိမှု၊ အနစ်နာခံမှု၊ တစ်ကိုယ်ကောင်းမဆန်မှု၊ ရေသာမခိုမှု၊ စုပေါင်းစိတ်ဓာတ်ရှိမှု၊ ဥပဒေကိုလေးစားတတ်မှု၊ မှန်ကန်သောဆုံးဖြတ်ချက်ကိုမငြိမငြင်ခံယူတတ်မှု၊ အရှုံးကို အပြုံးဖြင့်ရင်ဆိုင်တတ်မှုစတဲ့ စိတ်ဓာတ်ထားရှိရမှာဖြစ်ပါတယ်။ ဒါ့အပြင်တရားသောယှဉ်ပြိုင်မှုနဲ့ အောင်မြင်မှုကိုရယူဖန်တီးတတ်မှုစတဲ့ အရည်အချင်းကောင်းများလည်းရှိထားကြရမှာဖြစ်ပါတယ်။

အားကစားဆိုတာ ရုပ်ပိုင်းဆိုင်ရာသန်စွမ်းနေရုံနဲ့မပြီးသေးပါဘူး။ စိတ်ပိုင်းဆိုင်ရာမှာလည်း သန်စွမ်းနေရပါမယ်။ အားကစားပြိုင်ပွဲမှာ မိမိယှဉ်ပြိုင်ဘက်အပေါ်လေးစားခြင်း၊ အနိုင်ရယူလိုစိတ်ရှိခြင်း၊ စည်းကမ်းလိုက်နာနိုင်ခြင်း၊ အဖွဲ့လိုက်အားကစားနည်းတွေကြောင့်အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် လုပ်ဆောင်တတ်ခြင်း၊ အပေးအယူမျှမျှတတဖြင့် ပေါင်းသင်းဆက်ဆံရေးကောင်းခြင်း၊ စာနာနားလည်နိုင်ပြီး အသိအမှတ်ပြုတတ်လာခြင်း၊ အကျင့်စာရိတ္တကောင်းမွန်လာခြင်း၊ အရှုံးကို လက်ခံနိုင်သလို အနိုင်ရလဒ်အပေါ်မှာ လည်းမောက်မာမှုကင်းခြင်း၊ ပြိုင်ပွဲမှာ မိမိရဲ့အားသာချက်၊ အားနည်းချက်ကို ရှာဖွေဖော်ထုတ်ခြင်း စတာတွေဟာ အလွန်ပဲချစ်စရာကောင်းတဲ့အားကစားစိတ်ဓာတ်ပါ။ အမျိုးသားအားကစားပွဲတော်မှာ ဒီလိုမျိုးစိတ်ဓာတ်ကောင်းတွေနဲ့ ယှဉ်ပြိုင်ကြတာတွေ့မြင်ရပါတယ်။

❖ ဒီလိုမျိုး အမျိုးသားအားကစားပွဲတော်တွေကို အောင်အောင်မြင်မြင်ကျင်းပနေတာဟာ မြန်မာ့အားကစားအဆင့်အတန်းအမြင့်မားဆုံးအခြေအနေသို့ ရောက်ရှိပြီး ကမ္ဘာကိုလွှမ်းနိုင်တဲ့အဆင့်ထိမျှော်မှန်းပြီး ကျင်းပပေးနေတာဖြစ် . . .

❖ ပြိုင်ပွဲတွေရှိနေမှလည်း ထူးချွန်ထက်မြက်တဲ့အားကစားသမားကောင်းတွေ ပေါ်ထွက်ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သူတွေဖြစ်လာ . . .

မည်သည့်အားကစားနည်းတွင်မဆို အားကစားစိတ်ဓာတ်နဲ့ အရည်အချင်းကောင်းများပြည့်ဝနေတဲ့အားကစားသမားများရှိနေပါက အောင်မြင်မှုလမ်းကြောင်းဆီသို့ဦးတည်နေပြီလို့ ယူဆနိုင်ပါတယ်။ အဲဒီလိုမျိုး စိတ်ဓာတ်ကောင်းရန်၊ အရည်အချင်းပြည့်ဝရန်မှာ ပြုပြင်လေ့ကျင့်ယူရပါမယ်။ လေ့ကျင့်သားပြည့်ဝနေမှသာအောင်မြင်မှုကို မျှော်မှန်းနိုင်ကြမှာပါ။ **စာမျက်နှာ ၁၀ သို့** ■

■ **စာမျက်နှာ ၉ မှအဆက်**

လေ့ကျင့်သားပြည့်ဝနေစေရန်မှာ နည်းပြများရဲ့သင်ကြားပို့ချမှု လက်တွေ့လေ့ကျင့်ခန်းများကို မခိုမကတ်၊ မည်သည်မည်ကျလိုက်ပါလုပ်ဆောင်ကြရပါမယ်။ ချွေးထွက်များမှသွေးထွက်နည်းမယ်ဆိုတဲ့စကားဟာ အောင်မြင်မှုကိုညွှန်းဆိုခြင်းဖြစ်ပါတယ်။ လေ့ကျင့်သားပြည့်ဝမှဟာ အောင်မြင်မှုကို လမ်းခင်းပေးခြင်းဖြစ်ပါတယ်။

အမျိုးသားအားကစား ပွဲတော်ကြီးမှာ မြန်မာ့သိုင်းနဲ့ မြန်မာတို့ရဲ့ဆွေစဉ်မျိုးဆက်တင်ဒူး စတဲ့ကစားနည်းတွေဟာ လူကြိုက်အများဆုံးဖြစ်သလို ကစားသမားတွေရဲ့ခြင်းခတ်ကွက်တွေဟာ လှပပြီးနှစ်သက်ဖွယ်ဖြစ်ပါတယ်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးမှာ ထည့်သွင်းကျင်းပတဲ့အားကစားနည်းတွေက များပြားလှသလို ပါဝင်ယှဉ်ပြိုင်ကြတဲ့အရေအတွက်ကလည်း များပြားလှတာမို့ ပွဲတော်ဖွင့်ပွဲမတိုင်မီ ဒီဇင်ဘာလ ၂ ရက်ကစတင်ပြီး အုပ်စုပွဲစဉ်တွေ စတင်ကျင်းပပေးခဲ့တာဖြစ်ပါတယ်။

❖ မြန်မာနိုင်ငံရဲ့အားကစားသမိုင်းမှာတော့ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးရဲ့ကြီးကျယ်စည်ကားများပြားမှု၊ ပြည်သူတွေတစ်ခဲနက်အားပေးမှု၊ ပါဝင်ယှဉ်ပြိုင်သူတွေများပြားမှု၊ ဆုတွေအများကြီးချီးမြှင့်မှုတွေဟာ သမိုင်းတစ်ခေတ်ရဲ့မှတ်တမ်းဖြစ်ခဲ့ . . .

ကစားနည်းဖြစ်တဲ့ မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲထည့်သွင်းကျင်းပပေးတာကလည်း တကယ့်ကိုကောင်းမွန်တဲ့ဆောင်ရွက်ချက်ဖြစ်ပါတယ်။ မြန်မာ့ရိုးရာခြင်းလုံးခတ်ကစားနည်းဟာ ရိုးရာအားကစားနည်းအစစ်အမှန်ဖြစ်လို့ ပြည်တွင်းပြိုင်ပွဲတွေသာမက အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွေမှာလည်း အမြဲမပြတ်ပါဝင်ယှဉ်ပြိုင်နိုင်ဖို့လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ ယခုအမျိုးသားအားကစားပွဲတော်ကြီးမှာ မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲနဲ့ပတ်သက်လို့ ပြိုင်ပွဲဝင်စည်းကမ်းသတ်မှတ်ချက်ကလည်း စိတ်ဝင်စားဖွယ်ဖြစ်ပါတယ်။

မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲမှာ သတိပြုရမယ့်အချက်တွေအနေနဲ့ မူးယစ်ဆေးဝါး၊ အရက်သေစာ၊ ကွမ်း၊ ဆေးလိပ်၊ တားမြစ်ဆေးဝါးတွေ သုံးစွဲမှုမရှိဖို့အားကစားသမားတိုင်းဆင်ခြင်ရပါမယ်။ အထူးသဖြင့် ခြင်းလုံးခတ်ပြိုင်ပွဲဟာ မြန်မာ့ရိုးရာအားကစားနည်းဖြစ်တဲ့အတွက် အမျိုးသားတွေ နားကပ်ဝတ်ဆင်တာ၊ ဆံပင်တွေအရောင်ဆိုးတာခွင့်မပြုပါဘူး။ ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲဟာ မြန်မာနိုင်ငံမှာကျင်းပတဲ့ဆီးဂိမ်းပြိုင်ပွဲမှာ စပြီးပါဝင်ခဲ့တာဖြစ်ပါတယ်။ ရိုးရာခြင်းလုံးခတ်တဲ့ကစားနည်းဆယ်မျိုးထဲက မန္တလာခြေဖျား၊ မြင်းစီးဖနောင့်၊ သမင်လည်ပြန်ဖနောင့်၊ လျှပ်ထိပ်အဲဒီပြိုင်ပွဲတွေထဲမှာ ထူးခြားမှုတစ်ခုကတော့ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲရဲ့ အမျိုးသား၊ အမျိုးသမီးလမ်းလျှောက်ပြိုင်ပွဲမှာရရှိခဲ့တဲ့ စံချိန်ဟောင်းထက် ယခုပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်မှာ သာလွန်ကောင်းမွန်တဲ့ စံချိန်သစ်တွေရရှိခဲ့ကြတဲ့ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မောင်နိုင်လင်းထွန်းနဲ့ ပြည်ထဲရေးဝန်ကြီးဌာနမှ မဇင်မေထက်တို့ကို မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်က မော်တော်ဆိုင်ကယ်တစ်စီးစီအထူးဆု ချီးမြှင့်ပေးအပ်ခြင်းဖြစ်ပါတယ်။ ဒါဟာ ဝမ်းသာဖွယ်ကောင်းတဲ့ကြည်နူးမှုဖြစ်ပါတယ်။

ဒါ့ထက် ပိုမိုပြီးကြည်နူးဖွယ်ကောင်းတဲ့သတင်းကောင်းတစ်ခုရှိပါသေးတယ်။ အဲဒါကတော့ မြန်မာတစ်မျိုးသားလုံးနဲ့ဆိုင်တဲ့ကိစ္စဖြစ်ပါတယ်။ ဒါကလည်းအမျိုးသားအားကစားပွဲတော် ကျင်းပတဲ့ကာလမှာ ပေါ်ပေါက်လာတဲ့သတင်းကောင်းဖြစ်ပါတယ်။ အဲဒါကတော့ **မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ယူနက်စကိုရဲ့ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းမှာပါဝင်ခြင်း** သတင်းကောင်းဖြစ်ပါတယ်။ အတာသင်္ကြန်ဆိုတာ ကမ္ဘာကအသိအမှတ်ပြုလိုက်တဲ့မြန်မာရဲ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သွားတာဟာ အားရဝမ်းသာဂုဏ်ယူဖွယ်ဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း ယူနက်စကိုရဲ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းမှာပါဝင်ခွင့်ရရှိအောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဒီဇင်ဘာလ ၁၀ ရက်နံနက်ပိုင်းမှာ ရန်ကုန်မြို့ကို လေကြောင်းခရီးနဲ့ ပြန်လည်ရောက်ရှိလာတဲ့အခါ ပြည်သူတွေက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြပါတယ်။ အနုပညာရှင်တွေကလည်း သင်္ကြန်သီချင်းတွေသီဆိုကြပြီး ပြည်သူတွေကလည်း အကအဖွဲ့တွေနဲ့အတူ ပါဝင်ကပြကြိုဆိုခဲ့ကြပါတယ်။ ပျော်စရာမြင်ကွင်းပါ။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ပိတ်ပွဲအခမ်းအနားမှာ **"ရိုးရာအမွေလက်ဆင့်ကမ်း အတာသင်္ကြန်တစ်ခေတ်ဆန်းအစီအစဉ်တင်ဆက်ခြင်း"** အစီအစဉ်ကိုထည့်သွင်းပြီးဂုဏ်ပြုထားပါတယ်။ ပိတ်ပွဲအခမ်းအနားရဲ့မြင်ကွင်းများကိုလည်း တိုက်ရိုက်ထုတ်လွှင့်ပေးခဲ့တာမို့ အများပြည်သူတွေနဲ့အတူ ကမ္ဘာ့ပြည်သူတွေလည်းမြင်တွေ့ခဲ့ကြပြီးဖြစ်လို့ အခမ်းအနားကျင်းပပုံကို အသေးစိတ်မရေးတော့ပါဘူး။ မြန်မာနိုင်ငံရဲ့အားကစားသမိုင်းမှာတော့ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးရဲ့ကြီးကျယ်စည်ကားများပြားမှု၊ ပြည်သူတွေတစ်ခဲနက်အားပေးမှု၊ ပါဝင်ယှဉ်ပြိုင်သူတွေများပြားမှု၊ ဆုတွေအများကြီးချီးမြှင့်မှုတွေဟာ သမိုင်းတစ်ခေတ်ရဲ့မှတ်တမ်းဖြစ်ခဲ့ပါပြီ။ ဒါကနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ဦးဆောင်မှုအောက်မှာ ကျွန်တော်တို့ပြည်သူတွေရဲ့စည်းလုံးညီညွတ်မှုအောင်ပွဲလည်းဖြစ်ခဲ့ပါတယ်။ ဒါ့ကြောင့်မို့ **ပျော်ပျော်ရွှင်ရွှင် အောင်အောင်မြင်မြင်နှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သော အမျိုးသားအားကစားပွဲတော်ကြီးကို** အထူးပင်ဝမ်းမြောက်ဝမ်းသာစွာဂုဏ်ပြုပါကြောင်း ရေးသားလိုက်ရပါတယ်။ ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၁၂-၂၀၂၄ (စနေနေ့)

၁။	၀၆:၀၂	နိုင်ငံတော်သီချင်း
၂။	၀၆:၀၃	တရားတော်
၃။	၀၇:၁၀	ဓမ္မပူဇာတေး
၄။	၀၇:၂၅	ကိုယ်လက်လှုပ်ရှား အားကစား
၅။	၀၇:၃၀	မျိုးချစ်တပ်မတော်
၆။	၀၇:၃၅	မြန်မာ့ရှုခင်း
၇။	၀၈:၂၀	Sharing Knowledge
၈။	၀၉:၁၀	အမျိုးသားရေးတေးကဗျာ
၉။	၀၉:၂၀	လူတိုင်းကျန်းမာသိမှတ်စရာ
၁၀။	၀၉:၃၀	အမှတ်တရနေ့ရက်များ
၁၁။	၁၁:၀၀	နိုင်ငံတကာသတင်း
၁၂။	၁၁:၂၅	ပြည်သူ့ကြားက ပြည်သူ့စကား
၁၃။	၁၁:၃၀	တစ်ပတ်အတွင်း အားကစားသတင်း
၁၄။	၁၂:၁၀	မြန်မာသံစဉ်ချိုနှံးဝင်
၁၅။	၁၉:၀၀	(၃၈)ဖြာမင်္ဂလာ ဖြဟ္မစရိယဓွ
၁၆။	၁၉:၄၀	ယှဉ်ပြိုင်နွှဲပျော်အမျိုးသား အားကစားပွဲတော်

ပြန်လည်ဆုံတွေ့ကြပါစို့

* အမျိုးသား အားကစားပွဲတော်
နွှဲပျော်တဲ့ မောင်မယ်အပေါင်း။
နိုင်ငံတစ်လွှားဆီက
အားကစား မောင်မယ်စုံတို့
ဆုံတွေ့ကာ ယှဉ်ပြိုင်ကြတယ်
အားရဖို့ကောင်း။

* အပွဲပွဲမှာလ
ဇွဲနပဲ ခိုင်သန်
အနိုင်မခံ အရှုံးမပေး။
အနိုင်နွှဲလေတော့
ပြိုင်ပွဲ အောင်လံထူလို့
အောင်နိုင်သူ အောင်သံကျူးကာ
ပျော်မြူးတယ်လေး။

* ကစားနည်းစုံ ကျွမ်းကျင်မှ
ပန်းဝင်ရ ဗိုလ်စွဲမည်၊
အထပ်ထပ်အခါခါ လေ့ကျင့်မှ
စိတ်ချရသည်၊
ကျင့်သားရ စွမ်းရည်
ခိုင်ကျည်တဲ့ အောင်စိတ်မွေး၊
ပြိုင်ဘက်ကို အနိုင်ခဲမှ
ဗိုလ်စွဲမယ်လေး။

* ပြိုင်ပွဲအသီးသီးမှာလ
အနိုင်နွှဲပြီး ဆုအလီလီ၊
အောင်ပန်းကို လက်မလွတ်
ခူးဆွတ်ကြပြီ၊
ကျင့်သားက စံမီ
စွမ်းရည်ကမြင့်မား။
နိုင်ငံတကာ ယှဉ်ပြိုင်ပွဲကို
နွှဲမည့်အင်အား။

* အမျိုးသားအားကစားပွဲတော်ကြီး
ပြီးမြောက်လို့ အောင်မြင်ပြီ
ခြိမ့်ခြိမ့်သဲစည်၊
ရင်းနှီးလို့ ချစ်ကြည်
ပြန်လည်လို့တွေ့လိုကြောင်း။
သံယောဇဉ် တွယ်ငင်ယှက်
နှုတ်ဆက်ဆုတောင်း။ ။

မောင်ကျော်(ပညာရေး)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနား တက်ရောက်လာကြသူများ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပြိုင်ပွဲဝင်အားကစား အသင်းများမှ အားကစားသမားများ ကွင်းအတွင်းဝင်ရောက်နေရာယူမှုကို ကြည့်ရှုအားပေးစဉ်။





★ စာမျက်နှာ ၁၇ မှအဆက်

ဆက်လက်၍ ကောင်စီတွဲဖက်အတွင်း ရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးက တတိယဆုရရှိသည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်လာဘ်ကောင်ရုပ်များကိုလည်းကောင်း၊ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဌေးက ဒုတိယဆုရရှိသည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် လာဘ်ကောင်ရုပ်များကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် လာဘ်ကောင်ရုပ်များကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် မသန်စွမ်းအားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသော ဧရာဝတီတိုင်းဒေသကြီးကို တံခွန်စိုက်ဆုဖလားကြီးကိုလည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲတွင် **စာမျက်နှာ ၁၂ သို့**★

❖ ယခုအားကစားပွဲတော်ကြီးတွင် ပြည်ထောင်စုဝန်ကြီးဌာနအသီးသီး၊ နေပြည်တော်ကောင်စီနှင့် ပြည်နယ်/တိုင်းဒေသကြီးအသီးသီးတို့မှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ဆုံစည်းမှုသည် သာမန်ဆုံစည်းမှုမဟုတ်၊ သန့်ရှင်းမွန်မြတ်သည့်အားကစားစိတ်ဓာတ်ကိုအခြေခံပြီး တရားမျှတသည့်ယှဉ်ပြိုင်မှုများဖြင့် ရင်းနှီးချစ်ကြည်စွာဆုံစည်းခဲ့ကြခြင်းဖြစ်. . .


❖ အားကစားပြိုင်ပွဲသက်သက်ကျင်းပခြင်းထက်ပိုသည့် အမျိုးသားလှုပ်ရှားမှု၊ အမျိုးသားအားမာန်တို့ကို ထုတ်ဖော်ပြသသည့်ပွဲတော်၊ စည်းလုံးညီညွတ်မှုနှင့် တည်ငြိမ်အေးချမ်းမှုကိုပြသနိုင်သည့်ပွဲတော်၊ တစ်မျိုးသားလုံး၏ ကြံခိုင်သန်စွမ်းမှုနှင့် စွမ်းအားများဝင့်ကြွားခံထည်မှုကိုပြသနိုင်ခဲ့သည့် ပွဲတော်ကြီးဖြစ်သည်ဟုလည်း ဆိုရမည်ဖြစ်. . .



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပပြီးစီးခြင်းအထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများပစ်ဖောက်စဉ်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဝိတ်ပွဲအခမ်းအနား၌ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်က စွမ်းရည်ပြသမှုဖြင့် ဖျော်ဖြေတင်ဆက်စဉ်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဝိတ်ပွဲအခမ်းအနား၌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက အေရိုးဗစ်အကဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ပိတ်ပွဲသီချင်း “ရွှေပြည်တော်သို့တို့အတူ” သီချင်းဖြင့် ဖျော်ဖြေတင်ဆက်နေမှုကိုတွေ့ရစဉ်။





၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ပရိသတ်များကိုတွေ့ရစဉ်။

★ **စာမျက်နှာ ၁၁ မှအဆက်**

တံခွန်စိုက်ဆုဖလားရရှိသော ရန်ကုန်တိုင်းဒေသကြီးကို တံခွန်စိုက်ဆုဖလားကြီးကိုလည်းကောင်း၊ ဝန်ကြီးဌာနအဆင့် အားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသော ကာကွယ်ရေးဝန်ကြီးဌာနကို တံခွန်စိုက်ဆုဖလားကြီးကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင်ယနေ့တွင် ဒီဇင်ဘာလ ၂၅ ရက်မှစတင်ကျင်းပခဲ့သည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး အောင်မြင်စွာပြီးမြောက်ခဲ့ပြီဖြစ်ကြောင်း၊ ကျင်းပခဲ့သည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးတွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများအတွက် အားကစားနည်း(၆)မျိုး၊ နေပြည်တော်ကောင်စီ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲတွင် အားကစားနည်း(၂၃)မျိုး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်မသန်စွမ်းအားကစားပြိုင်ပွဲအားကစားနည်း(၄)မျိုး သတ်မှတ်ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲကြီးတွင် အားကစားသမား၊ အုပ်ချုပ်သူ၊ နည်းပြ၊ ဒိုင်ဂျူရီ စုစုပေါင်း (၁၀၀၀၀)ကျော် ပါဝင်ဆင်နွှဲခဲ့သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ယခုပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးသည် လည်းယခင်ကျင်းပပြီးစီးခဲ့သည့် အမျိုးသားအားကစားပွဲတော်များနည်းတူ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆင်နွှဲခဲ့ကြခြင်းဖြစ်သည်ကို တွေ့ရကြောင်း။

ယခုအားကစားပွဲတော်ကြီးတွင် ပြည်ထောင်စုဝန်ကြီးဌာနအသီးသီး၊ နေပြည်တော်ကောင်စီနှင့်ပြည်နယ်/တိုင်းဒေသကြီးအသီးသီးတို့မှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ဆုံစည်းမှုသည် သာမန်ဆုံစည်းမှုမဟုတ်ကြောင်း၊ သန့်ရှင်းမွန်မြတ်သည့် အားကစားစိတ်ဓာတ်ကိုအခြေခံပြီး တရားမျှတသည့် ယှဉ်ပြိုင်မှုများဖြင့် ရင်းနှီးချစ်ကြည်စွာ ဆုံစည်းခဲ့ကြခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း အားကစားပြိုင်ပွဲသက်သက် ကျင်းပခြင်းထက်ပိုသည့် အမျိုးသားလှုပ်ရှားမှု၊ အမျိုးသားအားမာန်တို့ကို ထုတ်ဖော်ပြသသည့်ပွဲတော်၊ စည်းလုံးညီညွတ်မှုနှင့် တည်ငြိမ်အေးချမ်းမှုကို ပြသနိုင်သည့်ပွဲတော်၊ တစ်မျိုးသားလုံး၏ကြံ့ခိုင်သန်စွမ်းမှုနှင့်စွမ်းအားများဝင့်ကြွားခုံထည်မှုကို ပြသနိုင်ခဲ့သည့်ပွဲတော်ကြီးဖြစ်သည်ဟုလည်း ဆိုရမည်ဖြစ်ကြောင်း။

မြန်မာတစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် ယခုအမျိုးသားအားကစားပွဲတော်တွင် နိုင်ငံတော်၊ ပြည်သူလူထုနှင့် သက်ဆိုင်သည့်စကားအချို့ကို ပြောလိုပါကြောင်း၊ မိမိတို့ **အမိမြန်မာနိုင်ငံတော်အတွင်း စုပေါင်းနေထိုင်ကြသည့် နိုင်ငံသားတိုင်းသည် မိမိတို့ကဏ္ဍအလိုက် ကျရာတာဝန်များကို နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် ထမ်းဆောင်နေကြသူများဖြစ်**ကြကြောင်း၊ **နိုင်ငံသူနိုင်ငံသားတိုင်း၏ တိုင်းချစ်ပြည်ချစ်စိတ်ကို ယခုနေရာမှ အလေးထားအသိအမှတ်ပြု**ကြောင်းကို ပြောကြားလိုကြောင်း၊ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အနိုင်ရရှိသည့်အခါ၌ မိမိနိုင်ငံ၏အလံနှင့် နိုင်ငံတော်သီချင်းလွှင့်တင်ပြီး နိုင်ငံတကာအလယ်တွင်ဂုဏ်ပြုခံရခြင်းထက် ဂုဏ်ယူဖွယ်၊ ဝမ်းမြောက်ဖွယ်ကောင်းသည်မှာမရှိပါကြောင်း၊ အားကစားနှင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နေခြင်းဖြစ်ကြောင်း၊ မြန်မာဟူသည့် စိတ်ကိုနိုးထစေပြီး နိုင်ငံကိုကာကွယ်နေခြင်းပင်ဖြစ်ကြောင်း၊ နှစ်စဉ်တည်ရှိနေမည့် အားကစားပွဲများမှ နိုင်ငံသားတိုင်း၏ နိုင်ငံချစ်စိတ်၊ နိုင်ငံအပေါ်ဂုဏ်ယူလိုစိတ်များကို တိုးတက်စေနိုင်မည်ဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် မိမိတို့နိုင်ငံသည် ပြည်တွင်း၊ ပြည်ပအန္တရာယ်များ၊ ဝင်ရောက်စွက်ဖက်မှုများဖြင့် ကြုံတွေ့နေရချိန်ဖြစ်ကြောင်း၊ **စာမျက်နှာ ၁၃ သို့** ★

★ **စာမျက်နှာ ၁၂ မှအဆက်**

မိမိတို့နိုင်ငံသာမက မဟာဗျူဟာအချက်အချာကျသည့် ကမ္ဘာ့နိုင်ငံငယ်အများစုသည်လည်း ယင်းအခြေအနေနှင့်ကြုံနေရကြောင်း၊ ထိုကဲ့သို့အဘက်ဘက်မှ ထိုးနှက်တိုက်ခိုက်နေမှုများအပေါ် ပြည်သူလူထု၊ အစိုးရ၊ တပ်မတော်တို့၏ ပေါင်းစည်းအား၊ ညီညွတ်သောစိတ်ဓာတ်တို့ဖြင့် ကာကွယ်ရန်လိုကြောင်း၊ အထူးအလေးအနက်ထားပြောကြားလိုသည်မှာ ထိုကဲ့သို့ **အခက်အခဲများအကြား နိုင်ငံ၏နေရာဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၏ နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် တာဝန်ထမ်းဆောင်နေမှုများကို အသိအမှတ်ပြုဂုဏ်ပြု** ပါကြောင်းကို ပြောကြားလိုကြောင်း၊ **တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အမျိုးသားရေးကြွေခိုင်မှုနှင့် စိတ်ဓာတ်ခွန်အားကိုတိုးတက်စေမည့်ယခုအမျိုးသားအားကစားပွဲတော်ကြီးကို ယခုကဲ့သို့ ကျင်းပနိုင်၊ စုစည်းနိုင်ခဲ့ခြင်းမှာလည်း မိမိတို့နိုင်ငံကို လုံခြုံအောင်ကာကွယ်ပေးနေသည့် သူရဲကောင်းများရှိနေခြင်းကြောင့်ပင်ဖြစ်**ကြောင်း၊ ထို့ကြောင့် **မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၊ မိမိတို့ပြည်သူများကိုကာကွယ်ရင်း အသက်ပေးလှူကျဆုံးသွားခဲ့ရသည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်မှုထမ်းအဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ အခြားနိုင်ငံသားကောင်းများအားလုံးကို အထူးအလေးထားဦးညွတ်ဂုဏ်ပြုမှတ်တမ်းတင်**ပါကြောင်းကိုပြောကြားလိုကြောင်း။

ယခုပြီးပွဲကြီးဖြစ်မြောက်အောင်ကဏ္ဍအသီးသီးမှ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများကို နိုင်ငံတော်အဆင့် ခမ်းခမ်းနားနားကျင်းပနိုင်အောင် စီမံဆောင်ရွက်ပေးခဲ့ကြသူများနှင့် ပါဝင်ဆောင်ရွက်ကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ ဝန်ထမ်းများ၊ အနုပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားပြိုင်ပွဲများတွင်တာဝန်ထမ်းဆောင်ပေးခဲ့ကြသည့် အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဒိုင်များ၊ ဂျူရီများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့်အားကစားသမားများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ပြောကြားလိုကြောင်း။

ယခုပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ကြီးကို ကျင်းပခဲ့ခြင်းသည် လာမည့် ၂၀၂၅ ခုနှစ်တွင် ထိုင်းနိုင်ငံမှအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ၂၀၂၆ ခုနှစ်အတွင်း ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် အောင်မြင်မှုများရရှိရေးအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ယခုပြိုင်ပွဲကြီးမှ ရွေးချယ်ရရှိသည့် အရည်အချင်းမီ အားကစားသမားများကို ပြန်လည်စုဖွဲ့လေ့ကျင့်ပြီး ရည်ရွယ်ချက်များအတိုင်း ပေါက်မြောက်အောင်မြင်စေရေးအတွက် ဆက်လက်ကြိုးပမ်း အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

ယခုပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အားကစားမောင်တို့မယ်တို့အနေဖြင့် လေ့ကျင့်သားပြည့်ဝမှု၊ စံချိန်စံညွှန်းကောင်းမွန်မှု၊ ဥာဏ်ရည်ထက်မြက်မှု၊ စည်းလုံးညီညွတ်မှု၊ ဇွဲလုံ့လရှိမှု၊ စည်းကမ်းလိုက်နာမှု၊ စာရိတ္တကောင်းမွန်မှု၊ အပြန်အလှန်နားလည်မှု၊ နွေးထွေးသည့် ချစ်ကြည်ရင်းနှီးမှု၊ ပွင့်လင်းသည့် အမြင်ချင်းဖလှယ်မှုများဖြင့် အားကစားကဏ္ဍမှသည် ဖွံ့ဖြိုးတိုးတက်သည့် လူမှုအသိုက်အဝန်းဆီသို့ တက်လှမ်းနိုင်ကြပါစေကြောင်း၊ လူငယ်လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့်မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်ပေးနိုင်ကြပါစေကြောင်း၊ နိုင်ငံတော်၏ဂုဏ်သိက္ခာကို အားကစားဖြင့် မြှင့်တင်ဆောင်ရွက်ပေးနိုင်သူများဖြစ်ကြပါစေကြောင်းကို ဆန္ဒပြုတိုက်တွန်းပါကြောင်း ဖြင့်ပြောကြားပြီး ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ပိတ်သိမ်းကြောင်း ကြေညာသည်။

ထိုသို့ ပိတ်သိမ်းကြောင်းကြေညာလိုက်သည်နှင့်တစ်ပြိုင်နက် ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပပြီးစီးခြင်းအထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများကို ပစ်ဖောက်ခဲ့ကြသည်။ ထို့ပြင် ဒီဇင်ဘာလ ၉ ရက်နေ့ ဖွင့်ပွဲအခမ်းအနားကျင်းပချိန်တွင် မြန်မာ့လက်ရွေးစင် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ လက်ဆင့်ကမ်းသယ်ဆောင်ထွန်းညှိခဲ့သည့် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းကြီး၏ အရှေ့တောင်ထောင့် အပေါ်ဆုံးတွင်ရှိသည့် ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်အလံကို တိုင်ထိပ်မှချ၍ ကွင်းအတွင်းမှ ပြန်လည်သယ်ဆောင်သွားကြပြီး ပြိုင်ပွဲဝင် အားကစားသမားများနှင့် နိုင်ငံတော်စစ်တီးဝိုင်းတို့သည်လည်း ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ထို့အတူ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်က စွမ်းရည်ပြသခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားများက တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက အေရိုးဗစ်အကဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ခြင်းနှင့် ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ပိတ်ပွဲသီချင်း “ရွှေပြည်တော်သို့တို့အတူ”သီချင်းကို သီဆိုဖျော်ဖြေတင်ဆက်ခြင်းတို့ကို ဆောင်ရွက်ကြပြီး အခမ်းအနား အောင်မြင်စွာ ပြီးမြောက်ခဲ့သည်။

ယင်းနောက် အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းကြီးများ၊ မသန်စွမ်းအားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အားကစားသမားများအား တစ်ဦးချင်းမိတ်ဆက်ပေးပြီးနောက် အခမ်းအနားအောင်မြင်စွာပြီးမြောက်ခြင်းအထိမ်းအမှတ်အဖြစ်မီးရှူးမီးပန်းများကို ပစ်ဖောက်ကြသည်။

ပထမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၉၉၂ ခုနှစ်တွင် မေ (၃) ရက်မှ (၁၆)ရက်အထိ ရန်ကုန်မြို့၌ အားကစားနည်း (၂၉) နည်းဖြင့် လည်းကောင်း၊ ဒုတိယအကြိမ်ကို ၁၉၉၄ ခုနှစ်တွင် ဇန်နဝါရီ (၂၃) ရက်မှ (၂၈) ရက်အထိ နေပြည်တော်၌ အားကစားနည်း (၂၇) နည်းဖြင့်လည်းကောင်း၊ တတိယအကြိမ်ကို ၁၉၉၇ ခုနှစ်တွင် ဇန်နဝါရီ (၁၁) ရက်မှ (၂၄) ရက်အထိ ရန်ကုန်မြို့၌ အားကစားနည်း (၂၉) နည်းဖြင့် လည်းကောင်း၊ စတုတ္ထအကြိမ်ကို ၂၀၁၅ ခုနှစ်တွင် ဖေဖော်ဝါရီ (၁၃) ရက်မှ (၂၈) ရက်အထိ နေပြည်တော်၌ အားကစားနည်း (၂၇) နည်းဖြင့်လည်းကောင်း ကျင်းပခဲ့ပြီးဖြစ်သည်။

ယခု ၂၀၂၄ ခုနှစ်တွင် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်အောင်မြင်မှုရရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်းချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရန်၊ ပြည်သူလူထုတစ်ရပ်လုံးအားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် နေပြည်တော်၌ ဝန်ကြီးဌာနအဆင့် အားကစားနည်း (၆)နည်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်း (၃၃)နည်းနှင့် မသန်စွမ်းအားကစားနည်း (၄)နည်း၊ စုစုပေါင်း ၃၃ နည်းတို့ဖြင့် ဒီဇင်ဘာအစောပိုင်းမှစတင်ခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် အောင်မြင်စွာဖြင့် ပိတ်သိမ်းခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

နိုင်ငံတကာ Esport အဖွဲ့ချုပ် (IESF)၏ ယခုနှစ် အကောင်းဆုံးEsport နိုင်ငံဆုတွင် မြန်မာဒုတိယရရှိ

ရန်ကုန် ဒီဇင်ဘာ ၂၀

နိုင်ငံတကာ Esport အဖွဲ့ချုပ် (IESF)၏ ယခုနှစ် အကောင်းဆုံး Esport နိုင်ငံဆုတွင် မြန်မာနိုင်ငံမှ Myanmar Electronic Sports Federation က ဒုတိယဆုရရှိကြောင်း IESF က ထုတ်ပြန်ထားသော အချက်အလက်များအရ သိရသည်။

အင်ဒိုနီးရှားနိုင်ငံက အကောင်းဆုံးဆုကို ရရှိခဲ့ပြီး ဆုအတွက်ကြေညာခြင်းနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ ကျင်းပခဲ့သော IESF World Esports Summit တွင် ပေးအပ်ခဲ့ကြောင်း၊ အဆိုပါဆုပေးအပ်ရန်အတွက် စံနှုန်းများအတွင်း လုပ်ငန်းလည်ပတ်ရေးကျွမ်းကျင်မှုပြိုင်ပွဲများတွင် အောင်မြင်မှုစွေးကွက်ရှာဖွေနိုင်ခြင်း၊ နိုင်ငံအဆင့်နှင့် ကမ္ဘာ့အဆင့်တွင် Esport ကို ကြီးထွားစေရန် ကြိုးပမ်းမှုတို့ပါဝင်ကြောင်း ထုတ်ပြန်ထားချက်အရ သိရသည်။

အဆိုပါထုတ်ပြန်ချက်ပါထိပ်တန်းအဖွဲ့ချုပ်ငါးခုအနက် အင်ဒိုနီးရှားက အမှတ်ပေါင်း ၁၉၄၉ ဖြင့် ပထမ၊ မြန်မာက အမှတ်ပေါင်း ၁၉၁၀ ဖြင့် ဒုတိယ၊ ပိုလန်က အမှတ်ပေါင်း ၁၈၃၃ ဖြင့် တတိယ၊ ဟန်ဂေရီက အမှတ်ပေါင်း ၁၈၂၂ ဖြင့် စတုတ္ထ၊ ဆားဘီးယားက အမှတ်ပေါင်း ၁၈၂၁ ဖြင့် ပဉ္စမရရှိခဲ့ခြင်းဖြစ်သည်။

အမှတ်ပမာဏကိုကြည့်ပါက ပထမအင်ဒိုနီးရှားနှင့် ဒုတိယ မြန်မာတို့ အမှတ်ပေါင်းကွာဟမှုနည်းပါးပြီး တတိယရသော ပိုလန်နှင့် မြန်မာတို့အမှတ်ကွာဟမှုကြီးမားခဲ့ကြောင်း တွေ့မြင်ရသည်။

“ဆုရတာကတော့ မြန်မာ့လက်ရွေးစင် DOTA 2 အသင်းနဲ့ မြန်မာ့လက်ရွေးစင် PUBG Mobile အသင်းတို့က ရလဒ်ကောင်းတွေရခဲ့တာကြောင့်လည်းပါမယ်လို့ထင်တယ်။ ဒါဟာ ဂုဏ်ယူစရာဖြစ်ပါတယ်။ မြန်မာ Esport လောကအတွက်လည်း ဂုဏ်ယူစရာတစ်ခုပါ”ဟု Esportနယ်ပယ်မှ DOTA 2 ကစားသမားတစ်ဦးက ပြောသည်။

မြန်မာ့လက်ရွေးစင် DOTA2 အသင်းဖြစ်သော Yangon Galaticos သည် IESF World Esports Championship 2023 တွင် ဒုတိယ ငွေတံဆိပ်ရခဲ့သကဲ့သို့ IESF World Esports Championship 2024 တွင်လည်း Top 8 ဝင်ခဲ့ကာ မြန်မာ့လက်ရွေးစင် PUBG Mobile အသင်းဖြစ်သော Genesis Esports သည် IESF World Esports Championship 2024 တွင် 4th Place နေရာ ရောက်ခဲ့သည်။

Htet Oo Maung

AFF MITSUBISHI ELECTRIC CUP 2024 ဘောလုံးပြိုင်ပွဲ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၂၀

AFF MITSUBISHI ELECTRIC CUP 2024 ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် မြန်မာအမျိုးသားလက်ရွေးစင်ဘောလုံးအသင်းနှင့် ဗီယက်နမ်အမျိုးသားလက်ရွေးစင် ဘောလုံးအသင်းတို့သည် ဒီဇင်ဘာလ ၂၁ ရက်**(ယနေ့)** မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ MRTV Parliament Channel၊ MRTV NRC Channel နှင့် MRTV App အပါအဝင် MRTV Online Platform တို့မှလည်း ည ၇ နာရီ ၁၅ မိနစ်မှစတင်ပြီး တိုက်ရိုက် (Live) ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအလိုက် အားကစားပြိုင်ပွဲ ဆုရရှိမှုအခြေအနေ

စဉ်	ဝန်ကြီးဌာန	ဆုရရှိမှု				မှတ်ချက်
		ရွှေ	ငွေ	ကြေး	စုစုပေါင်း	
၁	ကာကွယ်ရေးဝန်ကြီးဌာန	၁၄	၁၀	၁၀	၃၄	
၂	အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန	၁၂	၇	၉	၂၈	
၃	ပြည်ထဲရေးဝန်ကြီးဌာန	၁၀	၁၀	၁၀	၃၀	
၄	ဆောက်လုပ်ရေးဝန်ကြီးဌာန	၈	၁၂	၈	၂၈	
၅	ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန	၃	၂	၁	၆	
၆	သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန	၁	၃	၁	၅	
၇	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန	၁	၂	၃	၆	
၈	ပညာရေးဝန်ကြီးဌာန	၁			၁	
၉	တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန	၁			၁	
၁၀	စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန		၄		၄	
၁၁	ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန		၁		၁	
၁၂	အလုပ်သမားဝန်ကြီးဌာန			၃	၃	
၁၃	သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန			၂	၂	
၁၄	သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန			၁	၁	
၁၅	စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန			၁	၁	
၁၆	လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန			၁	၁	
၁၇	ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး			၁	၁	
	စုစုပေါင်း	၅၁	၅၁	၅၁	၁၅၃	

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့်မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

နိုင်ငံဂုဏ်ဆောင်အားကစားသမားများပေါ်ထွက်ခဲ့သည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ကဏ္ဍအသီးသီးမှ ပါဝင်ခဲ့ကြသူများ၏စကားသံများ

ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် ဝိတ်ပွဲကြီးကို ယနေ့ည နေတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ နိုင်ငံတော်အဆင့်နှင့်အညီ ခမ်းနားထည်ဝါစွာကျင်းပခဲ့ရာ အဆိုပါဝိတ်ပွဲအခမ်းအနားတွင် တက်ကြွစွာပါဝင်လှုပ်ရှားခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင်အားကစားသမား၊ အားကစားပြိုင်ပွဲတာဝန်ရှိသူ၊ ဆုရရှိသူ၊ အကပဒေသာတို့တွင် ပါဝင်ကပြသူများ၏ အမှတ်တရဝမ်းသာဂုဏ်ယူဝိတိစကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်-



ဦးထွန်းမြင့်ဦး



ဝဏ္ဏကျော်ထင်ဦးအေးမောင်ကြီး



မောင်စိုးအာကာ



မဟေမာန်ဆောင်း

ဦးထွန်းမြင့်ဦး (ညွှန်ကြားရေးမှူးချုပ်၊ အားကစားနှင့်ကာယပညာဦးစီးဌာန)

ကျွန်တော့်အနေနဲ့ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးမှာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနဲ့ လုပ်ငန်းကော်မတီတွဲဖက်အတွင်းရေးမှူးအဖြစ် တာဝန်ယူထားရပါတယ်။ တစ်ပြိုင်နက်တည်းမှာပဲ ခုံသမာဓိဆပ်ကော်မတီနဲ့ မျိုးဆက်သစ် အားကစားသမားများကို ရွေးချယ်တဲ့ဥက္ကဋ္ဌအဖြစ်လည်း တာဝန်ယူဆောင်ရွက်ရပါတယ်။ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးမှာ မျိုးဆက်သစ်အားကစားသမားများကို ပေါ်ထွန်းလာအောင် ရွေးချယ်နိုင်ဖို့အတွက် စည်းမျဉ်းစည်းကမ်းများနဲ့ သတ်မှတ်ပြီး တော့ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီ ရွေးချယ်ရေးအဖွဲ့ထဲမှာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်ရဲ့ ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်တွေကို စနစ်တကျထည့်သွင်းရွေးချယ်ပြီး ဖွဲ့စည်းခဲ့ပါတယ်။ စနစ်တကျရွေးချယ်ရရှိလာတဲ့အားကစားသမားတွေထဲကမှ (၃၃) ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးအတွက် စံချိန်စံညွှန်းမီတဲ့အားကစားသမားတွေကို ပဏာမလက်ရွေးစင်လေ့ကျင့်ရေးစခန်းမှာ စခန်းသွင်းလေ့ကျင့်ပေးမှာဖြစ်ပါတယ်။ ရွေးချယ်ထားတဲ့လူငယ်အားကစားသမားတွေကို လူငယ်အားကစားလေ့ကျင့်ရေးစခန်းမှာ မျိုးဆက်သစ်အားကစားသမားများအဖြစ် ရွေးချယ်လေ့ကျင့်ပေးသွားမှာဖြစ်ပါတယ်။ အားကစားနဲ့နိုင်ငံ့ဂုဏ်ဆောင်နိုင်တဲ့မျိုးဆက်သစ်အားကစားသမားများဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။

ဝဏ္ဏကျော်ထင် ဦးအေးမောင်ကြီး (နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် ဘောလုံးအားကစားသမား)

ကျွန်တော်က မြန်မာ့လက်ရွေးစင် ဘောလုံးအားကစားသမားတစ်ယောက်ပါ။ ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ပြိုင်ပွဲကြီးမှာ အားကစားအလံသယ်ယူရေးအဖွဲ့မှာ ပါလာတာဖြစ်ပါတယ်။ အခုလိုမျိုး အမျိုးသားအားကစားပွဲတော်ကြီးမှာ ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ကျွန်တော်တို့နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားတွေကို ဘွဲ့ထူးဂုဏ်ထူးလည်းပေးထားတယ်။ နိုင်ငံတော်အစိုးရကလည်း ကျွန်တော်တို့ကို သတိတရနဲ့မမေ့ဘူးဆိုတာကိုလည်း တန်ဖိုးထားရသလို ထပ်ဆင့်ဝမ်းသာဂုဏ်ယူမိပါတယ်။ အားကစားပြိုင်ပွဲပိတ်ပွဲမှာဆိုရင်လည်း ဘောလုံးအားကစားနဲ့ ပိတ်ကြတာဖြစ်တယ်။ ပြိုင်ပွဲဝင်တွေအားလုံးအားကစားစိတ်ဓာတ်အပြည့်နဲ့ကစားနေကြတာကိုလည်း တွေ့ရတဲ့အတွက် ဝမ်းသာမိပါတယ်။ နိုင်ငံတော်ကိုလည်း အားကစားပြိုင်ပွဲကြီးတွေ များများကျင်းပပေးပါလို့ ကျွန်တော်မေတ္တာရပ်ခံချင်ပါတယ်။ အားကစားအောင်မြင်မှုများနဲ့ ကိုယ့်နိုင်ငံရဲ့ဂုဏ်သိက္ခာကို မြှင့်တင်စေချင်ပါတယ်။ မျိုးဆက်သစ်အားကစားသမားတွေလည်း ကိုယ့်နိုင်ငံအတွက်ဂုဏ်ယူနိုင်တဲ့ အားကစားသမားကောင်းတွေဖြစ်အောင် ကြိုးစားကြပါလို့ ကျွန်တော်ပြောချင်ပါတယ်။

မောင်စိုးအာကာ (ပထမဆုရ – ဘောလုံးအသင်းခေါင်းဆောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)

ကျွန်တော်ကတော့ ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ရဲ့ ဘောလုံးပြိုင်ပွဲမှာ ကျွန်တော်တို့အသင်းက ပထမဆုရရှိပြီး ကျွန်တော်ကတော့ အကောင်းဆုံးဂိုးသမားဆုကို ရရှိခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့ ဒီပြိုင်ပွဲကြီးကိုစပြီး ဝင်ရောက်ယှဉ်ပြိုင်မယ်ဆိုပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက အားကစားသမားတွေနဲ့ စုဖွဲ့ခဲ့ပါတယ်။ ကျွန်တော်တို့အဖွဲ့တွေ လေးလလောက် လေ့ကျင့်ခဲ့ရပါတယ်။ ကျွန်တော်တို့ ကစားသမားအဖွဲ့အားလုံး ၃၅ ယောက်ဖြစ်ပါတယ်။ ဒီလိုနိုင်ငံတော်အဆင့်ပွဲကြီးမှာဆုရရှိတဲ့အတွက် အတိုင်းမသိပျော်ပါတယ်။ အခုလိုနိုင်ငံတော်က ကျင်းပပေးတာ ကျွန်တော်တို့နိုင်ငံရဲ့ အားကစားလောကပိုပြီးတိုးတက်လာမှာဖြစ်ပါတယ်။ ကျွန်တော့်ဘဝမှာလည်း ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ကြီးကို ပထမဦးဆုံးကြုံဖူးခြင်းဖြစ်ပါတယ်။ နောင်မျိုးဆက်သစ်တွေကိုလည်း အားကစားကို စိတ်ဝင်စားစွာနဲ့ ပါဝင်ယှဉ်ပြိုင်ကစားကြပါလို့ ပြောချင်ပါတယ်။ ဒီလိုပွဲမျိုးကြီးကို ဝင်ရောက်ပါဝင်ယှဉ်ပြိုင်ခွင့်နဲ့ ဆုရရှိတဲ့အတွက်လည်း ကျွန်တော်အလွန်ပဲ အတိုင်းမသိဝမ်းသာကြည်နူးမိပါတယ်။

မဟေမာန်ဆောင်း(ကျောင်းသူ) အကအလှဖျော်ဖြေသူ

သမီးကတော့ အ.ထ.က(၂) ပျဉ်းမနားက လာရောက်ကပြဖျော်ဖြေတာဖြစ်ပါတယ်ရှင့်။ သမီးတို့အဖွဲ့ ဖျော်ဖြေကပြမယ့် သီချင်းကတော့ မြူမှောင်ဝေကင်းသီချင်းနဲ့ ကပြဖျော်ဖြေတာဖြစ်ပါတယ်။ လှပချစ်စရာတို့ပြည်မြန်မာသီချင်းနဲ့လည်း ကပြဖျော်ဖြေမှာဖြစ်ပါတယ်။ အပိတ်သီချင်းကတော့ ရွှေပြည်တော်သို့ဖြစ်ပါတယ်။ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးမှာ သမီးတို့ လာရောက်ကပြဖျော်ဖြေခွင့်ရတဲ့အတွက် အလွန်ပဲဝမ်းသာမိပါတယ်။ ဒီလိုပွဲမျိုးကို သမီးတို့က တစ်ထောင့်တစ်နေရာကနေ နိုင်ငံတော်အတွက် ပါဝင်ကူညီခွင့်ရတဲ့အတွက် အလွန်ပဲဝမ်းသာပါတယ်။ ဒီလိုပွဲကြီးမှာ ကပြဖျော်ဖြေခွင့်ရတဲ့အတွက် သူငယ်ချင်းတွေလည်း အများကြီးရပြီး ပေါင်းသင်းဆက်ဆံရေးတွေ၊ ဗဟုသုတတွေအချင်းချင်း ဖလှယ်ခွင့်ရရှိပြီး အကျိုးကျေးဇူးအများကြီးရရှိပါတယ်။ ကိုယ့်အတွေ့အကြုံကို နောင်လာနောက်သားများကိုလည်းပြန်ပြီး ပြောပြခွင့်ရတဲ့အတွက် ဘဝအတွက် အမှတ်တရဖြစ်နေမှာပါ။ နိုင်ငံတော်က ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ကြီးမှာ ပါဝင်ကပြဖျော်ဖြေတဲ့သူများကိုလည်း အစအဆုံး ကူညီထောက်ပံ့ပေးပါတယ်။ ဒီလိုပွဲမျိုးကြီးက လူတိုင်းဖျော်ဖြေကပြ တက်ရောက်လို့မရပါဘူး။ သမီးတို့ ပါဝင်ခွင့်ရတဲ့အတွက် အတိုင်းမသိဝမ်းသာမိပါတယ်။ ကျေးဇူးတင်ပါတယ်ရှင့်။

လင်းကြည်လင်း၊ လွဲရည်လှိုင်

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားမြင်ကွင်းပုံရိပ်များ



၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ အားကစားသမားများ ကွင်းအတွင်း ဝင်ရောက်နေရာယူစဉ်။



တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားများက တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်စဉ်။





တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားများက တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်စဉ်။



၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသား အားကစားပွဲတော် ပိတ်ပွဲအခမ်းအနားသို့ တက်ရောက် လာကြသည့် ပရိသတ်များကို တွေ့ရစဉ်။



၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသား အားကစားပွဲတော် အလံကို တိုင်ထိပ်မှချ၍ ကွင်းအတွင်းမှ ပြန်လည် သယ်ဆောင်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသော ရန်ကုန်တိုင်းဒေသကြီးအား တံခွန်စိုက်ဆုဖလားကြီး ပေးအပ်ချီးမြှင့်စဉ်။ ဒေါက်တာဝင်းမြင့်ဦး၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းထိန်၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဝင်းဦး၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားတွင် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အား ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရခြင်းအထိမ်းအမှတ်အဖြစ် "ရိုးရာအမွေလက်ဆင့်ကမ်းအတာသင်္ကြန်တစ်ခေတ်ဆန်း"အစီအစဉ်ဖြင့် သီဆိုသရုပ်ဖော်တင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

❖ အခက်အခဲများအကြား နိုင်ငံ၏နေရာဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၏ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် တာဝန်ထမ်းဆောင်နေမှုများကို အသိအမှတ်ပြုဂုဏ်ပြု . . .

❖ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၊ မိမိတို့ပြည်သူများကို ကာကွယ်ရင်း အသက်ပေးလှူ ကျဆုံးသွားခဲ့ရသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်မှုထမ်းအဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ အခြားနိုင်ငံ့သားကောင်းများအားလုံးကို အထူးအလေးထားဦးညွတ်ဂုဏ်ပြုမှတ်တမ်းတင် . . .

ဖြစ်သည်" မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပြိုင်ပွဲဝင် အားကစားအသင်းများမှ အားကစားသမားများသည် ကွင်းအတွင်းသို့ ဝင်ရောက်နေရာယူကြသည်။

ထို့နောက် ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းနှင့် တံခွန်စိုက်ဆုဖလားရရှိသောဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသင်းများကို ဆုချီးမြှင့်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးညီစော၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ဗိုလ်ချုပ်ကြီးမြထွန်းဦးတို့က အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံးနောက်တန်းအားကစားသမားဆု၊ အကောင်းဆုံးအလယ်တန်းအားကစားသမားဆု၊ အကောင်းဆုံးရှေ့တန်းအားကစားသမားဆု၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရရှိကြသူများကို ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များပေးအပ်ချီးမြှင့်ကြသည်။

စာမျက်နှာ ၁၁ သို့ ★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များနှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် လာဘ်ကောင်ရုပ်များ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရရှိသူအား ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း အကောင်းဆုံးရှေ့တန်းအားကစားသမားဆုရရှိသူအား ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေး အကောင်းဆုံးအလယ်တန်းအားကစားသမားဆုရရှိသူအား ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

SAC Chairman Prime Minister Senior General Min Aung Hlaing attends closing ceremony of Fifth National Sports Festival 2024





Senior General Min Aung Hlaing and Daw Kyu Kyu Hla watch the final match between the Ministry of Planning and Finance and Ministry of Construction in the football tournament of the 2024 National Sports Festival.

NAY PYI TAW December 20

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivered an address at the closing ceremony of the Fifth National Sports Festival 2024 at Wunna Theikdi Stadium in Nay Pyi Taw this evening.

Also present at the ceremony were Daw Kyu Kyu Hla, wife of the Senior General, Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win and his wife Daw Than Than Nwe, Council Secretary General Aung Lin Dwe and his wife, Council Joint Secretary General Ye Win Oo and his wife, council members and their wives, union ministers, union-level dignitaries and their wives, the Nay Pyi Taw Council Chairman, senior military officers from the Office of the Commander-in-Chief, the commander of Nay Pyi Taw Command, deputy ministers, members of Olympic Committee, presidents, vice presidents and members of Myanmar sports federations, guests, administrators, coaches and athletes from sports contingents of ministries, regions and states, Tatmadaw members, ministerial staff, artistes from literary, music, motion pictures and theatrical arenas, students and sports fan people.

Before the ceremony, famous vocalists performed song entertainment.

The Senior General, his wife and guests watched the final match between Ministry of Planning and Finance and Ministry of Construction in the football tournament of the 2024 National Sports Festival. In the match, the Ministry of Construction clinched the title with a 1-0 win over the opponent in the 87th minute.

After the football match, the closing ceremony of the festival followed. The Senior General, his wife and party enjoyed the song entertainment "Revitalization of Atar Thingyan as traditional heritage" to mark the recognizing the Myanmar's traditional Atar Thingyan festival as the World's intangible cultural heritage list.

Next, a video clip titled "enhancing the sports to safeguard the State" highlighting the 2024 Fifth National Sports Festival was screened.

Athletes from the sports teams of ministries, regions and states took positions in the stadium.

At the awarding for the football tournament, SAC members General Nyo Saw, Lt-Gen Yar Pyae, General Maung Maung Aye, Admiral Tin Aung San and General Mya Tun Oo presented best player awards for goalkeeper, defender, mid-fielder, forwarder and the player of the tournament to relevant athletes respectively.

Council Joint Secretary General Ye Win Oo presented individual medals and mascots to players from the third-prize winning Ministry of Cooperatives

See Page - 21 ●●



A spectacular view of the closing ceremony of the Fifth National Sports Festival 2024.

●● From Page - 21

with dignity and decorum. Our thanks extend to the Union ministries, the Nay Pyi Taw Council, the state and regional government teams, staff, artists, students, and the sports organizations that played a key role in the competitions. We also express special appreciation to the officials, referees, jurors, administrators, coaches, and athletes who participated and competed.

The organization of this Fifth National Sports Festival was intended as preparation for the upcoming successful participation in the 33rd Southeast Asian Games, which will be hosted by Thailand in 2025, and the 13th ASEAN Para Games to be held in Thailand in 2026. Therefore, athletes selected from this event will be regrouped and trained to achieve the set goals, and continuous efforts will be made to ensure their success in these future competitions.

May all athletes who participated in the sports festival be able to leapfrog from the sports sector to a developed society through their perfect practice, high standards, intelligence, unity, perseverance, observance of disciplines, moral compass, mutual understanding, warm friendship and transparent exchanges of views. May you be able to contribute to the development of five strengths and nurturing new generations of athletes. In conclusion, the Senior General urged them to try to be athletes who can improve the image of the country through sports and announced the successful conclusion of the sports festival.

After the conclusion of the sport festival, fireworks commemorating the successful conclusion of the sport festival were set off. Moreover, the main sport festival torch of the fifth national sports festival on the top of the southeastern corner of Wunna Theikdi Sports Stadium , which was lit up and born by athletes, who lived up to the image of the country, at the opening ceremony on 9 December was put out at the same time.



Athletes from the sports teams of ministries, regions and states take positions in the stadium at the closing ceremony.



The final football match attracts lots of spectators.

Then, the flag of the sports festival was lowered from atop the staff and born to leave the sports ground before athletes and the state military band left the sports ground.

Similarly, other festivities took place including martial art demonstrations of the Myanmar Thaing Federation, traditional dances of ethnic groups in states and regions, aerobic performance of the Ministry of Sports and Youth Affairs and singing the sports festival closing song "Let's Go to the Golden Land Together," and the ceremony concluded successfully.

Then, former athletes and athletes who were able to improve the reputation of the country through sports and paralympic sports were introduced to the spectators one by one and fireworks commemorating the successful conclusion of the sports festival were set off.

The first national sports festival featuring 22 types of sports was held in Yangon from 3 to 16 May, 1992. The second national sports festival featuring 24 types of sports was held in Yangon from 25 January to 6 February 1994. The third national sport festival featuring 29 types of sports was held in Yangon from 11 to 24 January, 1997. The fourth national sports festival featuring 27 types of sports was held in Nay Pyi Taw from 13 to 28 February, 2015.

The fifth national sports festival was held on a grand scale starting from the beginning of December with the aims of enhancing the sports standards of the country, achieving success in the 33rd Sea Games and other international sports competitions, nurturing potential new generation athletes and highly competent athletes who can live up to the reputations of the country, increasing the sports activities by building friendship among states and regions and ministries and encouraging the people to participate in sports activities by inspiring interest in sports among them. The fifth national sports festival featuring 33 types of sports including six sports categories at the ministry level, 23 sports categories in the state and region level and four sports categories in the paralympic level started in early December and concluded successfully today. **100**

Bago Region efforts to produce agriculture, livestock products

BAGO December 20

Local farmers are scaling up agricultural and livestock operations with support from the State economic promotion fund and technical assistance from relevant departments as part of efforts to produce agricultural and livestock products.

Local farmers have grown the long staple cotton plantations in Wuntinseik Village, Pyay Township, Bago Region. Deputy Minister for Agriculture, Livestock and Irrigation Dr Aung Gyi met with local cotton growers to discuss cultivation of cotton crops to meet the target cultivation and viewed thriving Raka 666 long staple cotton plantation.

After that, a discussion was held to review the operations of Khittaya Hintha Company Limited, which is currently renting and operating the Department of Agriculture's jute processing factory. The Deputy Minister viewed round a showroom for tractors, and work process of the factory, urging company officials to emphasize the benefits for farmers.

The Deputy Minister met with breeders, dairy farmers, and dairy product producers at the office of the western Bago Region Irrigation and Water Utilization Management Department. They discussed ways to promote livestock feed production systems and coordinated responses based on the presentations made by the breeders.

In meeting with officials from the agricultural sector in the western Bago Region, he stressed the implementation of projects funded by State economic promotion fund, including plans for growing summer and monsoon rice, oil crops, peanuts, sesame, and cotton crops in addition to selecting suitable regions for operating dairy cow breeding farms.

Additionally, he looked into the dairy cow breeding operations at Shwe Myint Mo Dairy Farm in Pyay and the milk collection activities of Ngwe Sin Pearl Company in Shwetaung Township.

He inspected the twelve varieties of rice cultivated by the Department of Agriculture and local farmers in Shwetaung Township. Subsequently, the Deputy Minister visited various private breeding operations, including poultry farms in Nathmaw Village in Paungde Township.

He also inspected breeding operations in Nattalin, Gyobingauk, Letpadan, and Thayawady townships.

SMK

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing accepts Credentials of Ambassador of Cambodia to Myanmar



Senior General Min Aung Hlaing receives newly accredited Cambodian Ambassador to Myanmar H.E. Mr. CHENG Manith.

NAY PYI TAW December 20


Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing accepted the Credentials from the newly accredited Cambodian Ambassador to Myanmar H.E. Mr. CHENG Manith at the Credentials Hall of the Office of the SAC Chairman in Nay Pyi Taw at 10:00 am today.

They then cordially discussed the enhancement of diplomatic relations and friendship between the two countries, areas of bilateral economic cooperation, developing mutual trade and further trade promotion programs, tourism sector development, cultural exchange programs, holding of the 70th Anniversary of the establishment of diplomatic relations between the two with full of essence, and further programs for promotion of mutual cooperation.

Afterwards, the Senior General and the Cambodian Ambassador to Myanmar posed for documentary photos.

Also present on occasion were SAC Joint Secretary General Ye Win Oo, Deputy Prime Minister and Union Minister for Foreign Affairs U Than Swe and Director-General of the Protocol Department U Zaw Tun Oo. **100**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing accepts Credentials from LPDR Ambassador to Myanmar



Senior General Min Aung Hlaing receives newly accredited Ambassador of Lao People's Democratic Republic to Myanmar H.E. Mr. Bounphieng CHANTHAVONG.

NAY PYI TAW December 20

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing accepted the Credentials from the newly accredited Ambassador of Lao People's Democratic Republic to Myanmar H.E. Mr. Bounphieng CHANTHAVONG at the Credentials Hall of the Office of the SAC Chairman in Nay Pyi Taw at 10:30 am today.

They then cordially discussed the improving friendship and cooperation between the two good friendly neighbours, Myanmar and Laos, possible areas for extending border, enhancement of people-to-people friendship through cross-border activities on both sides of the friendship bridge, mutual trade promotion, extension of direct flights to develop tourism, and scholarship and cultural exchange programs.

Afterwards, the Senior General and the LPDR Ambassador to Myanmar posed for documentary photos.

Also present on occasion were SAC Joint Secretary General Ye Win Oo, Deputy Prime Minister and Union Minister for Foreign Affairs U Than Swe and Director-General of the Protocol Department U Zaw Tun Oo. **100**

●● From Page - 18

and Rural Development while Secretary General Aung Lin Dwe gave individual medals and mascots to players from the second-prize winning Ministry of Planning and Finance.

The Vice-Senior General awarded players of the first prize-winning Ministry of Construction with individual medals and mascots.

The Senior General presented championship trophies to Champion Ayeyawady Region team in the Inter-State and Region parasports competition, Champion Yangon Region team in the Inter-State and Region sports competition and Champion Ministry of Defence team in the Inter-Ministry sports competition, respectively.

Senior General Min Aung Hlaing stated in his speech that the Fifth National Sports Festival, which began on December 2, has been successfully completed. The event involved 6 sports categories for Union-level organizations and ministries, 23 sports categories for competitions in Nay Pyi Taw, states, and regions, and 4 sports categories for disabled athletes at the state and regional level. Over 10,000 athletes, officials, coaches, referees, and jurors participated in the event. This year's festival, like previous national sports festivals, saw widespread participation.



The closing ceremony of the Fifth National Sports Festival 2024 in progress.

In this sports festival, the meetings between ethnic brothers and sisters from the Union ministries, Nay Pyi Taw Council, and states/regions were not just ordinary gatherings; they were based on a spirit of sportsmanship, fairness, and mutual respect. Thus, this festival not only showcased national unity but also exhibited the strength, unity, and peaceful stability of the nation. It was a demonstration of the collective resilience and vitality of the Myanmar people.

In this national sports festival, the speech addressed the citizens of Myanmar, emphasizing that **all citizens, living together within Myanmar, are performing their duties for the benefit of the country and the people according to their respective fields.** The festival highlighted the deep love and loyalty citizens have for their country. Winning medals and raising the national flag on the global stage brings more honor than any personal recognition, as it elevates both the sport and the nation's honor, strengthening the spirit of Myanmar and defending the nation. The festival contributes to developing patriotism and pride among the citizens, inspiring them to serve their country.



A football player receiving prize.



A football player receiving prize.

At this time, Myanmar faces both domestic and international threats and challenges. Many small but strategically important countries around the world are facing similar situations, and it is important for the people, government, and military to unite and protect the country. The speech emphasized **recognizing and honoring the military personnel, Myanmar Police Force members, and civil servants who have been serving their duties for their country and people amid such difficulties. The successful organization and gathering of this National Sports Festival, which will enhance national unity, resilience, and the strength of the spirit, was made possible because of the presence of heroes who are safeguarding and protecting our country.** Therefore, we would like to specially **acknowledge and honor all the military personnel, members of the Myanmar Police Force, civil servants, and other good-hearted citizens who have given their lives in defence of our country, our people, and our citizens.**

We would like to express our sincere gratitude and appreciation to the individuals from various sectors who supervised and organized this grand event, as well as those who contributed to the opening and closing ceremonies, ensuring they were conducted at the national level

See Page - 19 ●●

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ပိတ်ပွဲအခမ်းအနား မြင်ကွင်းပုံရိပ်များ



၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ပိတ်ပွဲအခမ်းအနားကျင်းပစဉ်။



မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်က စွမ်းရည်ပြသနေမှုကို တွေ့ရစဉ်။



နိုင်ငံကျော်တေးသံရှင်တစ်ဦးက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်စဉ်။



အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက အေရိုးဗစ်အကဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်စဉ်။

၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာ ကျင်းပပြီးစီးခြင်း အထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများကို ပစ်ဖောက်စဉ်။



တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



ရွာသာကြီး Dry Port ၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဒီဇင်ဘာ ၂၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **ဒီဇင်ဘာလ ၁၈ ရက်**တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟသံတခရိုင်၊ ဟသံတမြို့နယ်၌ တရားမဝင် ကျွန်းသစ် (သုည ဒသမ ၂၇) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၅၅၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ဝါးခယ်မမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၅၅၅၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **ဒီဇင်ဘာလ ၁၈ ရက်**တွင် ရမည်းသင်းမြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့၌ တရားမဝင်ကျွန်းသစ်(သုည ဒသမ ၇၆၂)တန်၊ အခြားသစ်(၃ ဒသမ ၅၇၀)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၅၉၁၂)ကို သစ်တောဥပဒေအရ လည်းကောင်း၊ **ဒီဇင်ဘာလ ၁၉ ရက်**တွင် စဉ့်ကိုင်မြို့အထွက်၊ ကတ္တားဂိတ်အကျော်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁၃)မျိုး၊ လူသုံးကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၀၀၀)နှင့် ရန်ကုန်-မန္တလေးအမြန်လမ်း၊ မိုင်တိုင်အမှတ် (၃၆၆/၆)၊ တံခွန်တိုင်အဝိုင်းအနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁၃)မျိုး၊ လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၂၈၁၀)တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၆၈၀၃၂)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာလ ၁၉ ရက်တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွန်းသစ် (သုည ဒသမ ၃၅၂)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ်၊ စစ်ကိုင်းမြို့နယ်နှင့် ကလေးမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် (၂)စီးနှင့် မော်တော်ဆိုင်ကယ် (၁)စီး**(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၆၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

အလားတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် (၁ ဒသမ ၂၁၆)တန်၊ သစ်မာ (၁ ဒသမ ၄၆၅)တန်၊ အခြားသစ် (သုည ဒသမ ၃၀၉)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၉၁၅၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၃)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃၃၉၀၆)ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့်မော်တော်ယာဉ် (၁)စီးနှင့် ဘားအံမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့်မော်တော်ယာဉ် (၁)စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၂၃၃၄၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck (၁)စီး၊ Nissan Diesel Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၁၄၃၃၀၆)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာလ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၂၂)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၅၉၂၅၇၇၆)**ကို ဖမ်းဆီးရမိခဲ့သည်။ ယနေ့ဖမ်းဆီးရမိမှုများတွင် တရားမဝင် တင်သွင်းလာသည့် စားသောက်ကုန်၊ လူသုံးကုန်နှင့်လုပ်ငန်းသုံးပစ္စည်းများတွေ့ရှိရ၍ ၎င်းကုန်ပစ္စည်းများအနေဖြင့် စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိနိုင်ခြင်း၊ ကုန်စည်အတုအပ ဖြစ်နိုင်ခြင်းနှင့် အရည်အသွေး အာမခံချက်မရှိနိုင်ခြင်းတို့ကြောင့် သုံးစွဲသူ ပြည်သူလူထုအတွက် ကျန်းမာရေးထိခိုက်စေခြင်းနှင့် အသက်ဘေးအန္တရာယ်များ ကျရောက်စေသည်အထိ ထိခိုက်ဆုံးရှုံးခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်သွယ်မှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၁၂-၂၀၂၄ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကေ့	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၃၁၁၀	၃၂၂၅	၃၁၉၀	၃၁၂၅	၃၂၃၀	၃၂၆၅	၃၂၆၅	၃၁၈၀	၄၅၀၅	၃၄၇၅	၃၂၀၀	၃၂၀၀	၃၂၇၀	၃၂၉၅	၃၂၅၅	၃၅၁၅	၃၉၅၀
95 Ron	၃၂၂၀	၃၃၃၅	၃၃၀၀	၃၂၉၅	၃၃၄၀	၃၃၅၅	၃၃၇၅	၃၂၉၅	၄၅၆၀	၃၅၈၅	၃၃၁၀	၃၃၁၀	၃၃၈၀	၃၃၄၅	၃၃၇၀	၃၆၂၅	၄၁၀၀
HSD (500 ppm)	၂၆၅၅	၂၇၇၀	၂၇၃၅	၂၆၇၀	၂၇၇၅	၂၇၉၀	၂၈၀၀	၂၇၂၅	-	၃၀၂၀	၂၇၄၅	၂၇၄၅	၂၈၀၀	၂၇၈၀	၂၈၀၀	၃၀၆၀	၃၉၅၀
HSD (50 ppm)	၃၂၉၀	၃၄၀၅	၃၃၇၀	၃၃၀၅	၃၄၁၀	၃၄၂၅	၃၄၄၀	၃၃၆၀	၄၈၃၀	၃၆၅၅	၃၃၇၅	၃၃၈၀	၃၄၄၀	၃၄၁၅	၃၄၃၅	၃၆၉၀	-
HSD (10 ppm)	၃၂၉၀	၃၄၀၅	၃၃၇၀	၃၃၀၅	၃၄၁၀	၃၄၂၅	၃၄၄၀	၃၃၆၀	-	၃၆၅၅	၃၃၇၅	၃၃၈၀	၃၄၄၀	၃၄၁၅	၃၄၃၅	၃၆၉၀	-

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၉၃၈	၃၀၃၁
95 Ron	၃၀၄၆	၃၁၄၀
HSD (500 ppm)	၂၄၉၇	၂၅၇၇
HSD (50 ppm)	၃၁၁၁	၃၂၀၃
HSD (10 ppm)	၃၁၁၁	၃၂၀၃

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၀

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက် Grand Sirius Co., Ltd. မှတင်သွင်းလာသော တရုတ်နိုင်ငံထုတ် Geely Riddara RD6 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Yar Zar Min Industry Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် YUTONG T13E အမျိုးအစား လျှပ်စစ်သုံးခရီးသည်တင်ယာဉ် ၁ စီးသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ချမ်းမြသာစည်မြို့နယ်၌ ဆရာဝန်တစ်ဦးအား ပြန်ပေးဆွဲ၍ ခြောက်လှန့်ငွေတောင်းခံရာမှ အဆိုပါဆရာဝန်သေဆုံးသွားပြီး တရားခံအမျိုးသား ၂ ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ





ဒေါက်တာအောင်မြင့်မြတ်ထွန်းအား ပြန်ပေးဆွဲခေါ်ဆောင်သွားသည့် တရားခံ အောင်ဇင်ဖြိုး(၃၆)နှစ်နှင့် လွမ်းဇင်အောင်(ခ)မိုးဒီ (၂၈)နှစ်တို့ (၂)ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဒီဇင်ဘာ ၂၀

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့ နံနက် ၉ နာရီ ၂၀ မိနစ်အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်နေ ဦးအောင်ကျော်စိုး(၆၇)နှစ်ထံသို့ အမျိုးသားတစ်ဦး(စိစစ်ဆဲ)မှ ဖုန်းအမှတ် ၀၉၆၈၁၂၀၁၄၅၅၇ ဖြင့်ဆက်သွယ်၍ သားဖြစ်သူ ဒေါက်တာအောင်မြင့်မြတ်ထွန်းအား ပြန်ပေးဆွဲထားကြောင်း၊ အသက်မသေစေလိုက ငွေကျပ်သိန်း ၃၀၀၀ အား မဟာမြတ်မုနိဘုရားကြီးတောင်ဘက်မုခ်သို့ လာထားရန်၊ လာထားသောငွေအား ၎င်းတို့လက်ခံရရှိပြီးမှသာ ဖုန်းဆက်သွယ်၍ သားဖြစ်သူအား ပြန်လွှတ်ပေးမည်ဖြစ်ကြောင်း၊ မည်သည့်အဖွဲ့အစည်းကိုမျှ တိုင်တန်းခြင်းမပြုရန်ပြောသဖြင့် ဦးအောင်ကျော်စိုးသည် မည်သူ့ထံမျှ တိုင်တန်းခြင်းမပြုဘဲ ၎င်းချိန်းဆိုသည့်နေရာသို့ သွားရောက်၍ ငွေကျပ် သိန်း ၃၀၀၀ အား ပြန်ပေးဆွဲသူထားခိုင်းသည့်နေရာသို့ ပို့ဆောင်ခဲ့ပြီးနောက် ငွေလက်ခံရရှိကြောင်း ပြန်ဆက်သွယ်သော်လည်း သားဖြစ်သူ ဒေါက်တာအောင်မြင့်မြတ်ထွန်းမှာ နေအိမ်သို့ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် ဒီဇင်ဘာလ ၁၈ ရက်နေ့ မွန်းလွဲ ၁ နာရီအချိန်တွင် အောင်ပင်လယ်နယ်မြေရဲစခန်းသို့ လာရောက်တိုင်တန်းခဲ့သဖြင့် အောင်ပင်လယ်နယ်မြေရဲစခန်း (ပ)၂၆၀/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၆၅/၃၈၇/၁၁၄ ဖြင့် အမှုရေးဖွင့်ဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်ခဲ့ရာ ဒီဇင်ဘာလ ၁၉ ရက်နေ့ နံနက် ၂ နာရီအချိန်တွင် မသင်္ကာသူ ဒေါက်တာအောင်ဇင်ဖြိုး (၃၆) နှစ်(ဘ)ဦးစိုးမြင့် (ချမ်းမြသာစည်မြို့နယ်၊ တမွဝတီရပ်ကွက်၊ ၈၂ လမ်း၊ လမ်းသစ်လမ်း x ၁၀၅ လမ်းကြား ငွေလရောင်ဆေးခန်း) အား စစ်ဆေးခဲ့ရာ ၎င်း၏ထွက်ဆိုချက်အရ ဒေါက်တာအောင်မြင့်မြတ်ထွန်းနှင့် ဆေးကျောင်းအတူတက်ရောက်ခဲ့သည့် သူငယ်ချင်းများဖြစ်ကြောင်း၊ ၎င်းသည် Online ဘောလုံး/နှစ်လုံး/သုံးလုံးထီလောင်းကစားများကြောင့် အကြွေးများတင်ကာ ငွေကြေးလိုအပ်နေသဖြင့် သူငယ်ချင်းဖြစ်သူ ဒေါက်တာအောင်မြင့်မြတ်ထွန်းအား ပြန်ပေးဆွဲ၍ ဒေါက်တာအောင်မြင့်မြတ်ထွန်း၏ မိဘများထံ ငွေကြေးတောင်းခံရန်ရည်ရွယ်ကာ မြို့ဟောင်းရှိ ၎င်းပိုင်ငွေလရောင်ဆေးခန်းသို့ ဖုန်းဆက်ခေါ်ခဲ့ကြောင်း၊ သူငယ်ချင်းဖြစ်သူ ဒေါက်တာအောင်မြင့်မြတ်ထွန်း ကားဖြင့်ရောက်ရှိလာချိန်တွင် ဒေါက်တာအောင်ဇင်ဖြိုးသည် ၎င်း၏ဆေးခန်းမှ အကူဖြစ်သူ လွမ်းဇင်အောင်(ခ)မိုးဒီနှင့်အတူ ချုပ်နှောင်နယပန်းလုံးပြီး ပါးစပ်၊ လက်၊ ခြေထောက်တို့အား တိပ်ဖြင့် ပတ်၍ လည်ပင်းညှစ်ရာမှသေဆုံးသွားသဖြင့် အလောင်းအား ဆေးခန်းအတွင်း၌ထားရှိကာ ဒေါက်တာအောင်မြင့်မြတ်ထွန်း၏ မိဘများထံ ဖုန်းဖြင့်အသံဖျက်၍ ပြန်ပေးဆွဲထားကြောင်း၊ ငွေကျပ် သိန်း ၃၀၀၀ အား မဟာမြတ်မုနိဘုရား တောင်ဘက်မုခ်သို့ လာရောက်ပို့ဆောင်ရန်ခြိမ်းခြောက်ပြောဆိုခဲ့ကြောင်း၊ ဒေါက်တာအောင်မြင့်မြတ်ထွန်း၏ မိဘများက လာရောက်ထားပေးခဲ့သည့် ငွေများအား မိနီအိုးဝေဖြင့် အဆင့်ဆင့်ငှားရမ်းယူဆောင်ကာ အဆိုပါငွေထဲမှ ငွေ ၂၂ သိန်းခန့်သောငွေကျပ်ဖြင့် Canda 125 အမျိုးအစား ဆိုင်ကယ် ၁ စီး၊ ငွေကျပ် ၈၈ သိန်းဖြင့် Scoopy အမျိုးအစား ဆိုင်ကယ် ၁ စီး၊ ငွေကျပ်သိန်း ၈၀၀ ဖြင့် MDY-13 9N/6995 Honda Inside အမျိုးအစားမော်တော်ယာဉ် ၁ စီးတို့အား ဝယ်ယူခဲ့ကြောင်းနှင့် သေဆုံးသူ ဒေါက်တာအောင်မြင့်မြတ်ထွန်း၏ အလောင်းအား သေဆုံးသူ၏ MDY-13 2L/2843 Honda Inside မော်တော်ယာဉ်ဖြင့် သယ်ယူကာ ချမ်းမြသာစည်မြို့နယ်၊ ချမ်းတောင်ရပ်ကွက်ရှိ ချမ်းမြသာစည်လေယာဉ်ကွင်းဟောင်းနှင့် (၇၈)လမ်းကြား၊ လမ်းဘေးရှိ ရေမြောင်းထဲသို့ ပစ်ချခဲ့ကြောင်း၊ မော်တော်ယာဉ်အား တောင်သမန်အင်းဘေးရှိ ဘုန်းကြီးကျောင်းဝင်းအတွင်း ထားရှိခဲ့ကြောင်း ဖော်ထုတ်သိရှိရပြီး ပြစ်မှုကျူးလွန်ရာတွင် အတူပါဝင်သူ လွမ်းဇင်အောင်(ခ)မိုးဒီ (၂၈)နှစ်(ဘ) ဦးတင်ထွဋ်ကိုလည်း ဆက်လက်ဖမ်းဆီးရမိခဲ့ပါသည်။

စစ်ဆေးပေါ်ပေါက်ချက်အရ ဒေါက်တာအောင်မြင့်မြတ်ထွန်း၏ အလောင်းကို ချမ်းမြသာစည်မြို့နယ်၊ ချမ်းတောင်ရပ်ကွက်ရှိ ချမ်းမြသာစည်လေယာဉ်ကွင်းဟောင်းနှင့် (၇၈)လမ်းကြား၊ လမ်းဘေးရှိ ရေမြောင်းထဲတွင် ပစ်ချခဲ့ကြောင်း၊ အဆိုပါငွေထဲမှ ငွေ ၂၂ သိန်းခန့်သောငွေဖြင့် ဆိုင်ကယ် ၁ စီး၊ ငွေကျပ် ၈၈ သိန်းဖြင့် Scoopy အမျိုးအစား ဆိုင်ကယ် ၁ စီး၊ ငွေကျပ်သိန်း ၈၀၀ ဖြင့် MDY-13 9N/6995 Honda Inside အမျိုးအစားမော်တော်ယာဉ် ၁ စီးတို့အား ဝယ်ယူခဲ့ကြောင်းနှင့် သေဆုံးသူ ဒေါက်တာအောင်မြင့်မြတ်ထွန်း၏ အလောင်းအား သေဆုံးသူ၏ MDY-13 2L/2843 Honda Inside မော်တော်ယာဉ်ဖြင့် သယ်ယူကာ ချမ်းမြသာစည်မြို့နယ်၊ ချမ်းတောင်ရပ်ကွက်ရှိ ချမ်းမြသာစည်လေယာဉ်ကွင်းဟောင်းနှင့် (၇၈)လမ်းကြား၊ လမ်းဘေးရှိ ရေမြောင်းထဲသို့ ပစ်ချခဲ့ကြောင်း၊ မော်တော်ယာဉ်အား တောင်သမန်အင်းဘေးရှိ ဘုန်းကြီးကျောင်းဝင်းအတွင်း ထားရှိခဲ့ကြောင်း ဖော်ထုတ်သိရှိရပြီး ပြစ်မှုကျူးလွန်ရာတွင် အတူပါဝင်သူ လွမ်းဇင်အောင်(ခ)မိုးဒီ (၂၈)နှစ်(ဘ) ဦးတင်ထွဋ်ကိုလည်း ဆက်လက်ဖမ်းဆီးရမိခဲ့ပါသည်။

စစ်ဆေးပေါ်ပေါက်ချက်အရ ဒေါက်တာအောင်မြင့်မြတ်ထွန်း၏ အလောင်းကို ချမ်းမြသာစည်မြို့နယ်၊ ချမ်းတောင်ရပ်ကွက်ရှိ ချမ်းမြသာစည်လေယာဉ်ကွင်းဟောင်းနှင့် (၇၈)လမ်းကြား၊ လမ်းဘေးရှိ ရေမြောင်းအတွင်းမှလည်းကောင်း၊ကားအား တောင်သမန်အင်းဘေးရှိဘုန်းကြီးကျောင်းဝင်းအတွင်းမှလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ပြန်ပေးဆွဲခြိမ်းခြောက်တောင်းဆိုရရှိသည့် ငွေများဖြင့် ဝယ်ယူထားသည့် ဆိုင်ကယ် ၂ စီး၊ မော်တော်ယာဉ် ၁ စီး၊ ငွေစက္ကူရောရာ ၁၀၂၂ သိန်းကျပ်နှင့် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဆိုင်ကယ် ၁ စီးတို့အား ဖော်ထုတ်သိမ်းဆည်းရမိခဲ့ပါသည်။

ပြစ်မှုကျူးလွန်သူ တရားခံ အောင်ဇင်ဖြိုးနှင့် မိုးဒီ(ခ)လွမ်းဇင်အောင်တို့နှစ်ဦးအား ဥပဒေနှင့်အညီ ထိရောက်သော ပြစ်ဒဏ်ရရှိရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ဖြစ်စဉ်မှ တရားခံ အောင်ဇင်ဖြိုးသည် ဆရာဝန်တစ်ဦးဖြစ်သော်လည်း Online ဘောလုံး/နှစ်လုံး/သုံးလုံးထီလောင်းကစားများ လုပ်ဆောင်သဖြင့် အကြွေးများတင်ကာ ငွေကြေးလိုအပ်ချက်အရ သူငယ်ချင်းဖြစ်သူအား ပြန်ပေးဆွဲသတ်ဖြတ်မှု ကျူးလွန်ခဲ့ခြင်းဖြစ်သည်ကို သင်ခန်းစာယူ၍ မိဘပြည်သူများအနေဖြင့်လည်း Online ဘောလုံး/နှစ်လုံး/သုံးလုံးထီလောင်းကစားများအား မပြုလုပ်ကြရန်နှင့် Online ဘောလုံး/ နှစ်လုံး/ သုံးလုံးထီလောင်းကစားပြုလုပ်သူများ၏ သတင်းရရှိပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများထံသို့ သတင်းပေးပို့နိုင်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)



မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၌ ပြန်ပေးဆွဲသတ်ဖြတ်ခံရသူ ဒေါက်တာအောင်မြင့်မြတ်ထွန်း၏ မှတ်တမ်းဓာတ်ပုံ။

ပုသိမ်ကြီးမြို့နယ်၊ မြကံသာရွာနှင့် ထန်းပင်ကုန်းရွာတို့ကို လေကြောင်းဖြင့်ပုံးကြဲတိုက်ခိုက်မှုကြောင့် သံယာတော် ၁ ပါး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ ဖြန့်ဝေလျက်ရှိ



နေပြည်တော် ဒီဇင်ဘာ ၂၀

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မြကံသာရွာနှင့် ထန်းပင်ကုန်းရွာတို့ကို ဒီဇင်ဘာလ ၁၉ ရက် နံနက်ပိုင်းတွင် လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် သံဃာတော် ၁ ပါး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ ၎င်းသတင်းမှာမှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပုသိမ်ကြီးမြို့နယ်အတွင်း ပြည်သူများအေးချမ်းစွာ လုပ်ကိုင်နေထိုင်နိုင်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိပြီး ဗုံးကြဲတိုက်ခိုက်မှုများမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာ/ရပ်ကွက်များကို အကြောက်တရားလွှမ်းမိုးစေရန် ဒရုန်းများ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်လျက်ရှိကြောင်း၊ အထက်ပါသတင်းသည် တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန်အတွက် ဖြစ်စဉ်ဖြစ်ရပ်မှန်ကန်မှုမရှိသည့် သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဒီဇင်ဘာ ၂၀

ယနေ့ည ၇ နာရီ ၄၃ မိနစ် ၀၆ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ တောင်ဘက် ၄၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း မော်လိုက်မြို့၏ အနောက်တောင်ဘက် ၁၂ မိုင်ခန့်အကွာ မြောက်လတ္တီတွဒ် ၂၃ ဒသမ ၅၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၂၅ ဒီဂရီ၊ အနက် ၈၀ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။

(မိုး/၈၆)

နေရာကျဲကျဲမှုနေရာစိပ်စိပ်မိုးရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၀

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှနေရာစိပ်စိပ်မိုးရွာနိုင်ပါသည်။

(မိုး/၈၆)

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာသီသီထွန်း၊ ပါမောက္ခ(ဌာနမှူး)
အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်

ယနေ့ပို့ချချက်ဟာ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးမှာ အင်္ဂလိပ်စာဘာသာရပ်ကိုဖြေဆိုမယ့် ကျောင်းသား၊ ကျောင်းသူတွေ အတွက် အင်္ဂလိပ်စာမေးခွန်းပုံစံဆိုင်ရာ သိမှတ်ဖွယ်ရာများဖြစ်ပါတယ်။ အင်္ဂလိပ်စာဘာသာရပ် Grade 12 ပြဋ္ဌာန်းစာအုပ်မှာ Unit ၁၂ ခုပါရှိပြီး Unit ၃ ခုပြီးတိုင်း ပြီးခဲ့တဲ့ Unit များနဲ့ ဆက်စပ်တဲ့ revision exercise နဲ့ ကဗျာသင်ခန်းစာတို့ ပါဝင်ပါတယ်။

Grade 12 ပြဋ္ဌာန်းစာအုပ်မှာ reading, vocabulary, grammar, listening and speaking နဲ့ writing ဆိုတဲ့ အပိုင်း ၅ ပိုင်းပါရှိပါတယ်။ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်မေးခွန်းမှာ မေးခွန်းပုဒ်ရေ စုစုပေါင်း ၉ ပုဒ်မေးမှာဖြစ်ပါတယ်။ အဲ့ဒီမေးခွန်းတွေရဲ့ အများစုဟာ Grade 12 ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာများကို အခြေခံပြီး မေးမှာဖြစ်ပါတယ်။

မေးခွန်းနံပါတ် ၁ ကတော့ **Complete the sentences with the appropriate words. The initial letters are given.** ဖြစ်ပါတယ်။ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာများကို အခြေခံပြီး မေးခွန်းငယ် ၁၀ ခု မေးထားတာဖြစ်ပါတယ်။ ဝါကျတွေမှာရှိတဲ့ ကွက်လပ်လေးတွေကို သင့်လျော်တဲ့စကားလုံးနဲ့ ဖြည့်ပေးရမှာပါ။ အဲ့ဒီစကားလုံးရဲ့ အစ alphabet ကို ပေးထားပါတယ်။

ဥပမာ –

As the instructions were not clear enough, the players got c----------. လို့ပေးထားရင် သင့်လျော်တဲ့စကားလုံးဖြစ်တဲ့ confused ကို ဖြည့်ပေးရမှာဖြစ်ပါတယ်။ ပေးထားတဲ့စာကြောင်းတွေကို ပြန်ကူးရေးစရာမလိုပါဘူး။ အဖြေပဲရေးပေးရမှာဖြစ်ပါတယ်။ ဒီလိုပုံစံ မေးခွန်းဟာဆိုရင် ကျောင်းသား၊ ကျောင်းသူတွေရဲ့ စကားလုံးအနက် အဓိပ္ပာယ် သေသေချာချာ သိရှိနားလည်မှုနဲ့ မှန်ကန်တဲ့စကားလုံး သုံးနှုန်းနိုင်မှုတို့ကို စစ်ဆေးခြင်းပဲဖြစ်ပါတယ်။

နောက်တစ်ခုဖြစ်တဲ့ **မေးခွန်းနံပါတ် ၂** ကတော့ **Choose the appropriate words or phrases to complete the sentences.** ဖြစ်ပါတယ်။ ကွက်လပ်ပါတဲ့ မေးခွန်း ၁၀ ခုနဲ့ မေးထားပါတယ်။ မေးခွန်းတစ်ခုစီမှာ ပေးထားတဲ့ စကားလုံး(၃)လုံးထဲကနေပြီး အဲ့ဒီဝါကျအတွက် မှန်ကန်တဲ့ စကားလုံးကို ရွေးချယ်ရမှာဖြစ်တယ်။

ဥပမာ –

In this age of technology, some people are still using ---------- methods of farming.

ဆိုတဲ့မေးခွန်းမှာ (A) exotic (B) primitive (C) classical လို့ပေးထားရင် အဖြေမှန်ဟာ (B) primitive ဖြစ်ရပါမယ်။

နောက်ဥပမာတစ်ခုဖြစ်တဲ့

My mother asked me ---------- dinner for the family. ဆိုတဲ့မေးခွန်းမှာ (A) to prepare (B) prepare (C) preparing လို့ ပေးထားရင် သဒ္ဒါအရမှန်တဲ့အဖြေဟာ (A) to prepare ဖြစ်ရပါမယ်။ ဒီမေးခွန်းများဟာ ကျောင်းသား၊ ကျောင်းသူများရဲ့ စကားလုံး အဓိပ္ပာယ်သိရှိမှု၊ သဒ္ဒါမှန်မှန်ကန်ကန်သုံးစွဲနိုင်မှုရှိမရှိကို စစ်ဆေးတဲ့ မေးခွန်းဖြစ်ပါတယ်။

မေးခွန်းနံပါတ် ၃ အနေနဲ့ကတော့ Stylistic Transformation ဖြစ်တဲ့ အတွက် **Rewrite the sentences according to the instructions given in brackets.** လို့မေးထားတယ်။ ဝါကျ ၁၀ ကြောင်းကို ဝါကျတွေရဲ့ နောက်မှာ ကွင်းထဲမှာပေးထားတဲ့ညွှန်ကြားချက်အတိုင်း အဓိပ္ပာယ် မပြောင်းလဲစေဘဲ ပြန်ရေးပေးရမှာဖြစ်တယ်။ အထက်တန်းအဆင့် Grade 10၊ Grade 11 နဲ့ Grade 12 ပြဋ္ဌာန်းစာအုပ်တွေမှာရှိတဲ့ ဝါကျပုံစံတွေကို အခြေခံတဲ့ လေ့ကျင့်ခန်းများများ လေ့ကျင့်ထားရင် ဒီမေးခွန်းကို ကောင်းကောင်းဖြေဆိုနိုင်မှာဖြစ်ပါတယ်။

ဥပမာ –

He runs and jumps like he has superpowers. (Use 'as if/ as though'.) လို့မေးလာခဲ့ရင် He runs and jumps as if he had superpowers. လို့ ဖြေပေးရမှာဖြစ်ပါတယ်။

မေးခွန်းနံပါတ် ၄ မှာ အပိုင်း ၂ ပိုင်းပါရှိပါတယ်။ ပြဋ္ဌာန်းစာအုပ်ပါသင်ခန်းစာတွေ ကျကျညက်ညက်လေ့လာထားခြင်းရှိ၊ မရှိ စစ်ဆေးတဲ့ မေးခွန်းဖြစ်ပါတယ်။

IV. (A) ကတော့ **Write the appropriate words or groups of words to complete the lines of verse.** လို့ မေးထားပါတယ်။ Grade 12 ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ ကဗျာတွေထဲက စာကြောင်း ၂ ကြောင်း ပေးထားပြီး အဲ့ဒီစာကြောင်းထဲမှာရှိတဲ့ကွက်လပ်ကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ သင်ယူထားတဲ့ကဗျာတွေကို လေ့လာကျက်မှတ်ထားရင် ဖြေဆိုဖို့ လွယ်ကူတဲ့ မေးခွန်းဖြစ်ပါတယ်။ ကွက်လပ်ကိုဖြည့်ရာမှာလည်း တိတိကျကျပြန်လည်ဖော်ပြဖို့နဲ့ စာလုံးပေါင်းမှားယွင်းမှုမရှိအောင် သတိထားကြဖို့လိုတယ်။

ဥပမာ –

You cannot tell ----------

By the way the building looks.

လို့မေးရင် its magic လို့ဖြေပေးရမှာဖြစ်ပါတယ်။ ပေးထားတဲ့ စာကြောင်းတွေကို ပြန်ကူးရေးစရာမလိုပါဘူး။

IV. (B) ကတော့ **Answer the questions in complete sentences.** ဖြစ်ပြီး မေးခွန်း ၅ ခုကို အဓိပ္ပာယ်ပြည့်စုံတဲ့ဝါကျနဲ့ ပြန်ဖြေပေးရမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ်ငယ် ၆ မှ ၉ ကတော့ ပြဋ္ဌာန်းစာအုပ်ရှိ reading passage မှာပါတဲ့ အကြောင်းအရာတွေကို အခြေခံပြီး မေးထားမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ်ငယ် ၁၀ ကတော့ ပြဋ္ဌာန်းစာအုပ်ရှိ ကဗျာမှာပါတဲ့ စာကြောင်း ၂ ကြောင်းလောက်ကိုပေးထားပြီး ဆိုလိုရင်းအဓိပ္ပာယ်ကို ရေးခိုင်းတာဖြစ်တယ်။

ဥပမာ –

Who are the most responsible persons for imparting good manners to children? လို့မေးရင် The most responsible persons for imparting good manners to children are all the elders of the present generation. လို့ ပြန်ဖြေပေးရမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေဆိုရာမှာ အချက်အလက်ပြည့်စုံပြီး သဒ္ဒါမှန်ကန်ဖို့ သတိထားရပါမယ်။

မေးခွန်းနံပါတ်ငယ် ၁၀ အတွက် ဥပမာတစ်ခုကတော့

I took the one less traveled by,

And that has made all the difference. လို့ ကဗျာစာကြောင်း ၂ ကြောင်းကို ပေးထားတယ်ဆိုရင် အဲ့ဒီ ၂ ကြောင်းကို စကားပြေပြန်ပေးရမှာဖြစ်ပါတယ်။

ဒီမေးခွန်းကို ဖြေနိုင်ဖို့ကတော့ ပြဋ္ဌာန်းထားတဲ့ ကဗျာတွေရဲ့အဓိပ္ပာယ်ကို နားလည်သိရှိထားဖို့လိုပါတယ်။ ကဗျာကို အဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါ ဆိုလိုရင်းအဓိပ္ပာယ်နဲ့ သဒ္ဒါပါမှန်ကန်တဲ့ ဘယ်အဖြေကိုမဆို လက်ခံမှာ ဖြစ်ပါတယ်။

မေးခွန်းနံပါတ် ၅ ကတော့ Grade 12 ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာတွေထဲက ကျောင်းသား၊ ကျောင်းသူများ လေ့လာထားပြီးဖြစ်တဲ့ စာပိုဒ် တစ်ပိုဒ် (သို့မဟုတ်) တစ်ပိုဒ်ထက်ပိုတဲ့စာပိုဒ်များကို ပေးထားပြီး အဲ့ဒီစာပိုဒ်တွေမှာပါတဲ့ အကြောင်းအရာတွေကိုအခြေခံပြီး မေးခွန်း အမျိုးအစား ၂ မျိုးနဲ့မေးမှာဖြစ်ပါတယ်။

V. (A) က **Write the correct word or words to complete each sentence.** ဖြစ်ပါတယ်။ ပေးထားတဲ့စာကြောင်းကို အဓိပ္ပာယ်ပြည့်စုံအောင် ကွက်လပ်ဖြည့်ပေးရမှာဖြစ်ပါတယ်။ ဝါကျ ၅ ကြောင်းပေးထားပြီး ဝါကျတွေမှာပါရှိတဲ့ ကွက်လပ် ၁ ခုစီမှာ စကားလုံးတစ်လုံး ဒါမှမဟုတ် စကားစုတစ်စုဖြည့်ရမှာဖြစ်တယ်။ သတိပြုရမှာက ပေးထားတဲ့ဝါကျရဲ့ တည်ဆောက်ပုံပေါ်မူတည်ပြီး သင့်လျော်သလို စကားလုံးတွေကို ပြောင်းရေးဖို့ လိုကောင်းလိုပါလိမ့်မယ်။ ဥပမာ စာပိုဒ်ထဲမှာ "Treating everyone with kindness is another key element of happiness. Acts of kindness have the potential to make the world a happier place." လို့ပေးထားပြီး

Treating everyone with kindness is another key element to make yourself -------.လို့မေးလာရင် ပေးထားတဲ့အတိုင်း ပြန်ကူးချလို့မရပါဘူး။ စာပိုဒ်ထဲက ဝါကျဟာ noun phrase ဖြစ်နေပြီး မေးထားတဲ့ ဝါကျမှာဖြေရမယ့်အဖြေဟာ adjective ဖြစ်နေပါတယ်။ ဒီအတွက်ကြောင့် အဖြေဟာ 'happier' ဖြစ်တယ်။

V. (B) ကတော့ **Answer each question in one sentence.** ဖြစ်ပါတယ်။ စာပိုဒ်ထဲမှာပါတဲ့ အကြောင်းအရာ အချက်အလက်တွေနဲ့ ဆက်စပ်တဲ့ မေးခွန်း ၅ ခုကိုမေးမှာဖြစ်ပြီး ပေးထားတဲ့ စာပိုဒ်ထဲက အဖြေရှာပြီး မေးခွန်းတစ်ခုစီကို ပြည့်စုံတဲ့ဝါကျတစ်ကြောင်းစီနဲ့ ဖြေပေးရမှာဖြစ်တယ်။ အမှတ်ပြည့်ရရှိဖို့အတွက် မေးခွန်းမှာမေးတဲ့ အချက်အလက် (fact) ရော၊ သဒ္ဒါ (grammar) ပါ မှန်မှန်ကန်ကန်ဖြေနိုင် အောင် လေ့ကျင့်ထားဖို့လိုတယ်။

ဥပမာ စာပိုဒ်ထဲမှာ " The biggest barrier to happiness is envy, which is a state of desiring other people's qualities, possessions, opportunities, etc." လို့ပေးထားပြီး

What is envy? လို့မေးထားရင် အဖြေက " Envy is a state of desiring other people's qualities, possessions, opportunities, etc. " လို့ ဖြေဆိုပေးရမှာဖြစ်ပါတယ်။ အရေးကြီးတာကတော့ ဆီလျော်မှန်ကန်တဲ့ အဖြေဖြစ်ရမယ်။ သင်ရိုးညွှန်းတမ်းပါစာပိုဒ်တွေနဲ့ ဆက်စပ်တဲ့ မေးခွန်းပုံစံအမျိုးမျိုးကို အဓိပ္ပာယ်ရှိရှိ မှန်မှန်ကန်ကန် ဖြေတတ်အောင် လေ့ကျင့်ထားဖို့လိုတယ်။ စာပိုဒ်ထဲက သက်ဆိုင်တယ်ထင်တဲ့ စာကြောင်းတွေကို တိုက်ရိုက်ကူးချတာမျိုးလည်းမပြုလုပ်ကြဖို့ သတိပြုစေချင်တယ်။

မေးခွန်းနံပါတ် ၆ ကတော့ unseen reading passage ပေးထားပြီး စာပိုဒ်တစ်ပိုဒ် (သို့မဟုတ်) တစ်ပိုဒ်ထက်ပိုတဲ့စာပိုဒ်များကို ပေးထားပြီး အဲ့ဒီစာပိုဒ်တွေမှာပါတဲ့အကြောင်းအရာတွေကို အခြေခံပြီး မေးခွန်းအမျိုး အစား ၂ မျိုးနဲ့ မေးမှာဖြစ်ပါတယ်။

VI. A ကတော့ **Find the bold-faced words in the passage that are similar in meaning to the following. There is an extra.** ဖြစ်တယ်။ ပေးထားတဲ့ စာပိုဒ်မှာ bold လုပ်ထားတဲ့ စကားလုံး ခြောက်လုံးပါမှာဖြစ်တယ်။ အဲ့ဒီစကားလုံးလေးတွေနဲ့ အဓိပ္ပာယ်တူ စကားလုံး (သို့မဟုတ်) စကားစုငါးခုပေးထားတဲ့အတွက် စကားလုံးတစ်လုံး အပိုပါတာကို သတိပြုရမှာဖြစ်ပါတယ်။ ဥပမာ– sufficient or satisfactory လို့မေးထားခဲ့လျှင် စာပိုဒ်ရှိ bold လုပ်ထားတဲ့ အဓိပ္ပာယ်တူစကားလုံးကို ရှာပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် အဲ့ဒီမေးခွန်းရဲ့အဖြေမှန် adequate ကို ရေးပေးရမှာဖြစ်ပါတယ်။

VI. B ကတော့ **Answer the following questions. Give complete answers.** ပဲဖြစ်ပါတယ်။ What is the main idea of the passage? လို့မေးရင် စာပိုဒ်တစ်ခုလုံးရဲ့ အဓိကအကြောင်းရင်းကိုမေးတာဖြစ်လို့ The main idea of the passage is that nonverbal communication depends on culture and gender. လို့ဖြေပေးရမှာဖြစ်ပါတယ်။ ဒီလို မေးခွန်းမျိုးက ကျောင်းသား၊ ကျောင်းသူတွေ စာဖတ်ပြီးနားလည်နိုင်တဲ့ စွမ်းရည်ကို စစ်ဆေးတဲ့အနေနဲ့ စာပိုဒ်ထဲကအကြောင်းအရာကို တိုက်ရိုက်မမေးဘဲ အားလုံးကို ယေဘုယျခြုံပြီး မေးတဲ့မေးခွန်းမျိုးဖြစ်ပါတယ်။

မေးခွန်းနံပါတ် ၇ ကတော့ အပိုင်း ၂ ပိုင်းပါရှိပါတယ်။ ပထမပိုင်းကတော့ Grade 10, Grade 11, Grade 12 တွေမှာပါတဲ့ Listening အပိုင်းကိုအခြေခံပြီး မေးမှာဖြစ်ပါတယ်။

VII. (A) ကတော့ **Complete the dialogue with the expressions given in the box. There is an extra.** လို့ပေးထားမှာဖြစ်ပါတယ်။ ပေးထားတဲ့ expression ခြောက်ခုကိုသုံးပြီး ကွက်လပ်ငါးခုကို ဖြည့်ပေးရမှာဖြစ်ပါတယ်။ expression တစ်ခုပိုပေးထားပါတယ်။

ဥပမာ–

Thurein : Khant Khant! How are things? Long time no see.

Khant Khant : Hey, Thurein! ---------- လို့ပေးထားလျှင် အဖြေဟာ box ထဲမှာရှိတဲ့ expression ၆ ခုထဲက ဆီလျော်တဲ့ It's been a while since we last met. လို့ဖြေပေးရပါမယ်။

VII. (B) ကတော့ **Complete the exchanges using the expressions given in the box. There is an extra.** လို့ပေးထားမှာဖြစ်တယ်။ ဒီအပိုင်းကတော့ unseen မေးခွန်းဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူတွေရဲ့ အပြောစွမ်းရည်ကို စစ်ဆေးတဲ့အပိုင်းဖြစ်သလို Language function နားလည်အသုံးပြုနိုင်မှုကိုလည်း စစ်ဆေးတဲ့အပိုင်းဖြစ်ပါတယ်။ ဒီအပိုင်းမှာလည်း expression တစ်ခုပိုပေးထားပါတယ်။

စာမျက်နှာ ၂၆ သို့ ◆

◆ **စာမျက်နှာ ၂၅ မှအဆက်**

မေးခွန်းနံပါတ် ၈ ကတော့ Letter writing ဖြစ်ပြီး **Choose a situation given below and write a letter. Do not write more than 300 words.** လို့မေးမှာဖြစ်တယ်။ Grade 10, Grade 11 နဲ့ Grade 12 စာအုပ်တွေမှာပါတဲ့ **formal letter** နဲ့ **informal letter** များကို အခြေခံပြီး လေ့ကျင့်ထားဖို့လိုပါတယ်။ ပေးထားတဲ့မေးခွန်း ၂ ပုဒ်ထဲက ကြိုက်ရာတစ်ပုဒ်ကိုရွေးပြီး စာလုံးရေ ၃၀၀ ထက်မပိုအောင် ရေးသားဖြေဆိုရမယ်။ ဒီမေးခွန်းကို ဖြေဆိုတဲ့အခါ သတိပြုရမယ့်အချက်တွေကတော့ ပေးထားတဲ့ ညွှန်ကြားချက်ကို သေချာဖတ်ဖို့ပဲဖြစ်ပါတယ်။ ဒီနေရာမှာ ပထမအချက်အနေနဲ့ စာရေးသူ (Addresser) နဲ့ စာလက်ခံရရှိမယ့်သူ (Addressee) တွေကို သေသေချာချာသတိထားပြီး ပေးထားတဲ့ နာမည်နဲ့လိပ်စာကိုသာရေးရမှာဖြစ်တယ်။ ဒုတိယအချက်အနေနဲ့ ဘာအကြောင်းအရာရေးရမလဲဆိုတာဖတ်ပါ။ ရေးခိုင်းတဲ့အကြောင်းအရာ ဘယ်နှစ်ခုလဲဆိုတာ သေသေချာချာဖတ်ပြီးမှ ရေးဖို့လိုပါတယ်။

ဥပမာ –

You are Zaw Htet Aung. You live at No. 7, Min Road, Pyay. Write a letter to your uncle, telling him about the new English coursebook you study this year and how interesting and useful it is.

ဆိုတဲ့မေးခွန်းကိုကြည့်ရင် addresser က Zaw Htet Aung ဖြစ်ပြီး addressee က his uncle ဖြစ်ပါတယ်။ အကြောင်းအရာအနေနဲ့ အချက်နှစ်ချက်ပါပါတယ်။ ပထမအချက်က the new English coursebook you study this year အကြောင်းကို ရေးသားရမှာဖြစ်ပြီး ဒုတိယအချက်အနေနဲ့ how interesting and useful it is လို့မေးထားတဲ့အတွက် the new English coursebook အကြောင်းကို ပထမဦးစွာ ပြောပြရမှာဖြစ်ပြီး ဘယ်လောက်ထိ စိတ်ဝင်စားစရာကောင်းတယ်၊ ဘယ်လိုအသုံးဝင်တယ်ဆိုတာ ရေးသားရမှာဖြစ်ပါတယ်။ အချက်နှစ်ချက်လုံးကို တိတိကျကျ ဆီလျော်မှုရှိအောင်ရေးမှ အမှတ်ကောင်းကောင်းရမှာဖြစ်ပါတယ်။ မေးခွန်းမှာမေးထားတဲ့ အကြောင်းအရာနဲ့ ဆီလျော်မှုမရှိဘဲ ကျက်မှတ်ထားသမျှရေးမယ်ဆိုရင် မေးထားတာနဲ့ မဆီလျော်လို့ အမှတ်မရနိုင်ပါဘူး။

မေးခွန်းနံပါတ် ၉ ကတော့ essay ဖြစ်ပြီး **Write an essay on ONE of the following. Do not write more than 500 words.** ဖြစ်ပါတယ်။ ပေးထားတဲ့ ခေါင်းစဉ် ၃ ခုထဲက မိမိအပိုင်နိုင်ဆုံး ခေါင်းစဉ်တစ်ခုကိုရွေးပြီးရေးရမှာဖြစ်ပါတယ်။

ဥပမာ –

My views on the benefits of learning a foreign language

ဆိုတဲ့ စာစီစာကုံးမှာ foreign language လေ့လာခြင်းရဲ့ အကျိုးကျေးဇူးများကို မိမိရဲ့အမြင်နဲ့ တင်ပြရေးသားရမှာဖြစ်ပါတယ်။ အဲဒီလိုမှသာ မေးထားတဲ့မေးခွန်းကို ထိထိမိမိဖြေဆိုနိုင်မှာဖြစ်ပါတယ်။

ပေးစာနဲ့ စာစီစာကုံးရေးတဲ့အခါမှာ ထည့်သွင်းစဉ်းစားရမယ့် အချက်တွေရှိပါတယ်။ ပထမဆုံးအနေနဲ့ Content and Relevancy ကို စဉ်းစားရမှာပါ။ မိမိရေးရမယ့်အကြောင်းအရာနှင့် ဆီလျော်တာကို ရေးရမှာဖြစ်ပါတယ်။ လုံးဝသက်ဆိုင်မှုမရှိတဲ့ အကြောင်းအရာတွေကို ရေးရင် အမှတ်ရမှာမဟုတ်ပါဘူး။ ရေးရမယ့်အကြောင်းအရာနှင့်စပ်လျဉ်းတဲ့ အချက်အလက်နဲ့ ဥပမာတွေကို ပြည့်ပြည့်စုံစုံရေးနိုင်ဖို့လိုပါတယ်။ ဒုတိယအချက်ကတော့ Organization and Presentation ဖြစ်တဲ့ ဖွဲ့စည်းပုံကောင်းခြင်းနှင့် တင်ပြပုံကောင်းခြင်းကို စဉ်းစားရမှာပါ။ အကြောင်းအရာအချက်အလက်တွေကို အချိတ်အဆက်မိမိနဲ့ နိဒါန်း၊ စာကိုယ်၊ နိဂုံးမှာ အစီအစဉ်ကျကျရေးနိုင်ရမယ်။ ရေးတဲ့အကြောင်းအရာကို စာဖတ်သူစိတ်ဝင်စားလာအောင်လည်း ဖွဲ့နွဲ့တင်ပြနိုင်စွမ်းရှိရမယ်။ နောက်တစ်ချက်ကတော့ Language အပိုင်းမှာပါတဲ့ စကားလုံးအသုံးအနှုန်းနှင့် သဒ္ဒါမှန်ကန်ခြင်းကို စဉ်းစားရပါမယ်။ စကားလုံးများကို သုံးရာတွင် လှလှပပနှင့် မှန်မှန်ကန်ကန်သုံးနိုင်ပြီး ဝါကျတွေကိုလည်း ပုံစံအမျိုးမျိုးနဲ့ဖွဲ့နွဲ့ရေးသားနိုင်ရမယ်။ စာလုံးရေကန့်သတ်ထားတဲ့အတွက် စကားလုံးဖောင်းပွခြင်းမရှိဘဲ ကျစ်လျစ်တဲ့အရေးအသားဖြစ်စေဖို့ သတိပြုရမှာဖြစ်ပါတယ်။

ပေးစာနဲ့စာစီစာကုံးရေးရာမှာ ထပ်မံသတိပေးလိုတာကတော့ စာလုံးရေကန့်သတ်ထားတာကို သတိရှိဖို့ပါပဲ။ ဆီလျော်မှုရှိတဲ့ ပေးစာတွေ၊ စာစီစာကုံးတွေကို ကျစ်ကျစ်လျစ်လျစ်ထိထိမိမိ၊ သဒ္ဒါမှန်မှန်ရေးဖို့ ရည်ရွယ်ချက်နဲ့ စာလုံးရေကန့်သတ်ထားတာပဲဖြစ်ပါတယ်။ ဒါ့ကြောင့် စာမရေးခင်မှာ မိမိရေးသားမယ့်အကြောင်းအရာကို သေသေချာချာ အစီအစဉ်ချပြီးမှရေးသင့်တယ်။ ဒါမှသာ မေးထားတဲ့အချက်တွေ အားလုံးကို ထည့်သွင်းရေးသားနိုင်ပြီး အမှတ်ကောင်းကောင်းရမှာဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲကိုဖြေဆိုကြမယ့် ကျောင်းသား၊ ကျောင်းသူတွေကို အထူးမှာချင်တာကတော့ သင်ခန်းစာအားလုံးကို သေသေချာချာလေ့လာမှတ်သားဖို့၊ စကားလုံးတွေ၊ ဝေါဟာရတွေရဲ့ အဓိပ္ပာယ်တွေအပြင် သူတို့ကို ဘယ်လိုအသုံးပြုတယ်ဆိုတာကိုပါသိရှိအောင် လေ့လာဖို့၊ reading comprehension တွေကို ဘယ်လိုဖြေဆိုရမယ်ဆိုတာသိရှိအောင် လေ့ကျင့်ထားဖို့ ကဗျာတွေကိုလည်း ရွတ်ဆိုနိုင်ရုံသာမက၊ အဓိပ္ပာယ်ဖွင့်ဆိုတတ်အောင် ကြိုးစားဖို့လိုပါတယ်။ ပေးစာနဲ့ စာစီစာကုံးတွေကိုလည်း သတ်မှတ်ထားတဲ့ စကားလုံးအရေအတွက်အတွင်းမှာ ကျစ်ကျစ်လျစ်လျစ်နဲ့ ဆီလျော်မှန်ကန်အောင် ရေးတတ်ဖို့လည်း လေ့ကျင့်ကြပါလို့ မှာကြားလိုပါတယ်။

ကျောင်းသား၊ ကျောင်းသူများအားလုံး ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်ကို ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာနဲ့ အခက်အခဲမရှိ ထူးထူးချွန်ချွန်နဲ့ ဖြေဆိုအောင်မြင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ။



ဆပ်ပြာ၊ ဆပ်ပြာဆီနှင့် ခေါင်းလျှော်ရည် ပြုလုပ်နည်းသင်တန်းပို့ချလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၀

နေပြည်တော်ကောင်စီနယ်မြေတပ်ကုန်းမြို့နယ်ရှောက်ကုန်းကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုဆပ်ပြာ၊ ဆပ်ပြာဆီနှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်းဖွင့်လှစ်ထားရှိမှုအခြေအနေများကို ဒီဇင်ဘာလ ၂၀ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင်(၂) ဦးဇေယျာလင်း၊ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းနှင့် တာဝန်ရှိသူများသည် ရှောက်ကုန်းကျေးရွာ၌ သင်တန်းသူများက ဆပ်ပြာ၊ ဆပ်ပြာဆီနှင့် ခေါင်းလျှော်ရည်ပြုလုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ သင်တန်းသူများပြုလုပ်ထားသည့် ဆပ်ပြာ၊ ဆပ်ပြာဆီနှင့် ခေါင်းလျှော်ရည်များကို လိုက်လံကြည့်ရှုကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၁၆ ဦးတက်ရောက်လျက်ရှိပြီး သင်တန်းကာလ ၁၅ ရက်ကြာ အခမဲ့သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ကာရံ (ကျေးလက်)

သဇင် (FM) အသံလွှင့်အစီအစဉ် ၂၁-၁၂-၂၀၂၄(စနေနေ့)

၁။ ၀၈:၀၀ ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့
၂။ ၀၈:၂၀ Morning Songs
၃။ ၁၁:၅၀ စိုက်မွေးသုတ
၄။ ၁၄:၅၀ Business Tips
၅။ ၁၆:၀၀ Holiday Vibes
၆။ ၂၁:၄၀ ဇာတ်လမ်းအသွင် တေးသံစဉ်

အခြေခံအပ်ချုပ်စက်သင်တန်းဆင်းပွဲကျင်းပ

ရမည်းသင်း ဒီဇင်ဘာ ၂၀

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံအပ်ချုပ်စက်သင်တန်းဆင်းပွဲကို ဒီဇင်ဘာလ ၂၀ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ရမည်းသင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဇော်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးအောင်ကျော်ဆန်းက သင်တန်းတွင် ထူးချွန်သူများနှင့် သင်တန်းပြီးဆုံးအောင် တက်ရောက်ခဲ့သည့် သင်တန်းသူများကို အလုပ်အကိုင်များရရှိအောင် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်းနှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်မည့် သင်တန်းသူများကိုလည်း အရင်းအနှီးများထုတ်ချေးပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ထူးချွန်ဆုရရှိသည့် သင်တန်းသူငါးဦးကို အပ်ချုပ်စက်များအသီးသီးပေးအပ်ပြီး တာဝန်ရှိသူများက သင်တန်းသူများအား သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များကို ပေးအပ်သည်။

